# ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေ

## [၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃။]

[ ပြင်ဆင် : 28.03.1984 ]

နိဒါန်း

အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏စီမံခန့်ခွဲရေးအာဏာကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့အား ခွဲဝေအပ်နှင်းရန်အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အခြေခံမူများ**

**အပိုင်း ၁**

**အခန်း (၁)**

**အမည်**

၁။ ဤဥပဒေကို **ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

**အခန်း (၂)**

**အခြေခံမူများ**

၂။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်ကိုဦးဆောင်သည်ဖြစ်ရာ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် ပါတီဗဟိုကော်မီတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မီတီတို့၏ ဦးဆောင် လမ်းညွှန်မှုကို ခံယူသည်နှင့်အညီ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည် သက်ဆိုင်ရာ ပါတီ အဖွဲ့အစည်း အဆင့်ဆင့်၏ ဦးဆောင်မှုကို အောက်ပါအတိုင်းခံယူ၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်-

(က) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီများသည် ဒေသပါတီကော်မီတီများ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူရမည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီများသည် မြို့နယ်ပါတီယူနစ် အမှုဆောင်ကော်မီတီများ၏ ဦးဆောင် လမ်းညွှန်မှုကို ခံယူရမည်၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများသည် မြို့နယ်ပါတီယူနစ်က သတ်မှတ်တာဝန်ပေး သည့် ပါတီအဖွဲ့အစည်းများ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူရမည်။

၃။ ပြည်သူ့ကောင်စီများသည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အောက်ပါအခြေခံမူများနှင့်အညီ ဆောင်ရွက် ကျင့်သုံး ရမည်-

(က) နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်သည်၊

(ခ) နိုင်ငံတော်၏ဖွဲ့စည်းပုံသည် ဆိုရှယ်လစ်ဒီမိုကရေစီကို အခြေခံသောဖွဲ့စည်းပုံဖြစ်သည်၊

(ဂ) နိုင်ငံတော်၏အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်သည် အချင်းချင်းအပြန်အလှန် အစီရင်ခံခြင်း၊ ဆန္ဒ ပေးခြင်း၊ ဆန္ဒယူခြင်း၊ ဆန္ဒသဘောထားကို အလေးဂရုပြုခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံး ဖြတ်ခြင်း၊ စုပေါင်းဆုံးဖြတ်ချက်ကို အားလုံးက လိုက်နာဆောင်ရွက်ခြင်း၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်များကို အောက်အဖွဲ့အစည်းကလိုက်နာ ဆောင်ရွက်ခြင်း၊ အောက်အဖွဲ့ အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက အလေးဂရုပြုခြင်း တို့ပါဝင်သော ဆိုရှယ်လစ် ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) ဒေသဆိုင်ရာ အရေးကိစ္စများကို ဆောင်ရွက်ရာတွင်ဒေသအတွင်း ပြီးပြတ်နိုင်သမျှ ပြီးပြတ်စေရန် ဒေသရှိ လုပ်သားပြည်သူများ ကိုယ်တိုင် ကျယ်ကျယ် ပြန့်ပြန့် ပါဝင်ဆောင်ရွက်စေရမည်၊

(င) ဗဟို၏လမ်းညွှန်မှုဘောင်အတွင်းဒေသဆိုင်ရာစီးပွားရေး စီမံကိန်းများ ရေးဆွဲခြင်းနှင့် ရသုံးခန့်မှန်း ခြေငွေစာရင်းများပြုစုခြင်းတို့ကို ဆောင်ရွက်၍ ပြည်သူ့ကောင်စီ၏အတည်ပြုချက်အရ အဆင့်ဆင့် တင်ပြ ဆောင်ရွက်ရမည်၊

(စ) လွှတ်တော်က ပြဋ္ဌာန်းသောစီမံကိန်းများကို ဥပဒေပါပြဋ္ဌာန်းချက်များ၊ အထက်အာဏာပိုင် အဖွဲ့ အစည်း အဆင့်ဆင့်က ချမှတ်ထားသောစည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဆ) ဒေသဆိုင်ရာ အရေးကိစ္စများကို ဆောင်ရွက်ရာတွင် ချမှတ်ထားသော ဘဏ္ဍာရေးစီမံကိန်း၊ ငွေကြေး စီမံကိန်း၊ ငွေသားစီမံကိန်း၊ ချေးငွေစီမံကိန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက် ရမည်၊

(ဇ) စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ကဏ္ဍအလိုက်ဖြစ်စေ၊ ကဏ္ဍတခုအတွင်းဖြစ်စေ၊ ညီညွတ်မှု ရှိစေရန် ဝန်ကြီးဌာနက ကျွမ်းကျင်မှုဆိုင်ရာအလိုက်ချမှတ်လမ်းညွှန်ထားသော ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသအလိုက်စီမံကိန်းများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်ရ မည်။

## အပိုင်း (၂)

## ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီများ

### အခန်း (၁)

### ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ

၄။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအဖွဲ့အစည်းများကို သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီကရွေးချယ်တင်မြှောက် ဖွဲ့စည်းထားသည့်အားလျော်စွာ ယင်းအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီဥပဒေပုဒ်မ ၃၉၊ ၄၀ နှင့် ၄၁ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) ပြည်သူ့ကောင်စီအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဆိုရှယ်လစ်ဒီမိုကရေစီ ကျင့်စဉ်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီတို့၏ ဆုံးဖြတ်ချက်၊ ပြဋ္ဌာန်းချက်၊ လမ်းညွှန်ချက်များကို တာဝန်ခံ၍ လိုက်နာ ဆောင်ရွက်ခြင်းရှိ မရှိ စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ အဖွဲ့အစည်း၏ အဖွဲ့ဝင်တဦးချင်းအလိုက်ဖြစ်စေ ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ တာဝန်မှရုပ်သိမ်းခြင်း၊ အစားထိုး ရွေးချယ်တင်မြှောက်ခြင်း၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အလုပ်အမှုဆောင်အဖွဲ့က လိုက်နာရမည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

(င) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးမှုကို မထိခိုက်စေပဲ တရားသူကြီးအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ယေဘုယျ သုံးသပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(စ) လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ယေဘုယျသုံးသပ်ခြင်း၊ လမ်းညွှန် ခြင်း။

## အခန်း(၂)

## ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့

၅။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုင်ရာ ဦးစီးဌာနများ (ဝန်ကြီးအဖွဲ့ အောက်ရှိ ဦးစီးဌာနများ)၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်၊ သို့မဟုတ် တိုင်းအဆင့် ဦးစီးဌာန အကြီးအကဲများအား အောက်ပါအတိုင်းဆောင်ရွက်စေရမည်-

(က) ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများအရလည်းကောင်း၊ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်များအရလည်းကောင်း အလုပ်အမှုဆောင် အဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ရယူရန် သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်ရှိသော ကိစ္စများကို တင်ပြ၍ အဆုံးအဖြတ်ရယူစေခြင်း၊

(ခ) ပုဒ်မခွဲ (က) နှင့် အကျုံးမဝင်သော ကိစ္စများကို ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် အကျုံးမဝင်စေကာမူ အလုပ်အမှုဆောင်အဖွဲ့က ညွှန်ကြားလျှင်ယင်းကိစ္စများကို တင်ပြ၍ အဆုံးအဖြတ် ရယူစေခြင်း။

၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်ရာတွင် အောက်ပါအချက်များနှင့်အညီ ဆုံးဖြတ် ညွှန်ကြားရမည်-

(က) ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်း များ၏ ညွှန်ကြားချက်များ ဘောင်အတွင်းမှသာ ဖြစ်ရမည်၊

(ခ) သက်ဆိုင်ရာဦးစီးဌာန အဆင့်လုပ်ပိုင်ခွင့် အတွင်းကျရောက်သော ကိစ္စဖြစ်ရမည်၊

(ဂ) ငွေကြေးကုန်ကျမည့်ကိစ္စဖြစ်ပါက ယင်းအတွက်လုံလောက်သော ရန်ပုံငွေခွင့်ပြုချက်ရှိရမည်၊

Myanmar Law Information System (MLIS)

(ဃ) အခြေခံဥပဒေ၊ ဤဥပဒေပါ လုပ်ငန်းတာဝန်များအကောင်အထည် ဖော်ဆောင်ရွက်ရေးကို ဦးတည် ၍ အရေးကြီးသည့် ကိစ္စများ၊ မူဝါဒနှင့် သက်ဆိုင်သည့်ကိစ္စများကိုသာဆုံးဖြတ်ခြင်း၊ ညွှန်ကြားခြင်း ပြုလုပ်ရမည်။

၇။ အလုပ်အမှုဆောင်အဖွဲ့သည် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့် များရှိသည်-

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ရှေ့ရှု၍ ကုန်ထုတ်စွမ်းအားစုများ အပြည့်အဝအသုံးချရေး၊ အလေအလွင့်ထိန်းသိမ်းရေး၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် လုပ်ငန်းတခုနှင့်တခုအကြား ဖြစ်စေ၊ လုပ်ငန်းတခုအတွင်းဖြစ်စေ ရှေ့နောက် ညီညွတ်မှု ရှိစေရေးအတွက် စိစစ်လေ့လာ၍ လိုအပ်သလို အကြံ ပေးခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ခ) ယင်းလုပ်ငန်းများရှိ ဝန်ထမ်းများ အထွေထွေစည်းကမ်းသေဝပ်ရေးကို ကြီးကြပ်ကွပ်ကဲခြင်း။

၈။ အလုပ်အမှုဆောင်အဖွဲ့သည် စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များ၊ သက်ဆိုင်ရာ သမဝါယမအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းအဆင့်ဦးစီးဌာန အကြီးအကဲများအား ပြည်နယ်၊ သို့မဟုတ် တိုင်းစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများကို ဝန်ကြီးအဖွဲ့၏အဆိုပြုချက်ဘောင်အတွင်း ကဏ္ဍအလိုက် တာဝန်ယူရေးဆွဲတင်ပြစေခြင်း၊ ထုတ်လုပ်မှု လုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်း အကြီးအကဲများအား ယင်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို ရေးဆွဲတင်ပြစေခြင်း၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီများနှင့် ဦးစီးဌာနများကရေးဆွဲတင်ပြသော စီမံကိန်းများနှင့် ရသုံးခန့်မှန်း ခြေငွေစာရင်းများ၊ ကုန်သွယ်ရေး လုပ်ငန်းများက ရေးဆွဲတင်ပြသော စီမံကိန်းများကို ဝန်ကြီးအဖွဲ့၏ အဆိုပြုချက် ဘောင်အတွင်း တာဝန်ယူ၍ ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း၊ အတည် ပြုထားသော စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများကို အနီးကပ်ဆုံးပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ ထုတ်လုပ်မှု လုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ၏ စီမံကိန်းများပါ လျာထားချက်များကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီအစည်းအဝေးသို့ သိသာရန် တင်ပြခြင်း၊

(ဂ) ထုတ်လုပ်မှုလုပ်ငန်းများနှင့် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စက်ရုံအလုပ်ရုံများက လိုအပ်သည့်အလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဒေသထွက် ကုန်ကြမ်းပစ္စည်းများ ရရှိရေးအတွက် မြို့နယ်စီမံကိန်းများနှင့်လည်းကောင်း၊ ပြည်နယ်၊ သို့မဟုတ် တိုင်းစီမံကိန်းနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ မြို့နယ်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းသယ်ယူပို့ဆောင်ရေးစီမံကိန်းများအရ သက်ဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များကို ပြည့်မီ အောင် မဖြည့်ဆည်းနိုင်ပါက ဝန်ကြီးအဖွဲ့ သို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသော စီပွားရေးစီမံကိန်းပါ လျာထားချက်များကို ညှိနှိုင်းခြင်း၊ ကြီးကြပ် ခြင်း၊ တာဝန်ယူအကောင်အထည်ဖော်ခြင်း၊

(င) တစုံတခုသော အကြောင်းကြောင့် မြို့နယ်တခုအတွက် သတ်မှတ်သော လျာထားချက်အတိုင်း ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့က ကျိုးကြောင်းဖော်ပြလျက် အချိန်မီတင်ပြလာလျှင်-

(၁) ယင်းအချက်ကို အလေးအနက်လေ့လာစိစစ်ခြင်း၊

(၂) မှန်ကန်ကြောင်းတွေ့ရှိပါက ပြည်နယ်၊ သို့မဟုတ် တိုင်းအတွက်လျာထားချက်ကို မထိခိုက်စေပဲ မိမိဒေသ အတွင်းရှိ ကျန်မြို့နယ်များနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) အပိုဒ် (၂) အရ ဆောင်ရွက်သော်လည်း လျာထားချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်စွမ်းမရှိလျှင် ကျိုးကြောင်းဖော်ပြ၍ ဝန်ကြီးအဖွဲ့သို့ အချိန်မီတင်ပြခြင်း။

၉။ အလုပ်အမှုဆောင်အဖွဲ့သည် ဘဏ္ဍာရေးကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ပြည်နယ်၊ သို့မဟုတ် တိုင်းအဆင့်ဦးစီးဌာနတခုခု၏ သာမန်အသုံးစရိတ်များကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခေါင်းစဉ်ပြောင်းလဲသုံးစွဲရန် ခွင့်ပြုခြင်း၊ ခေါင်းစဉ်သေးတခုခုအောက်မှ ရန်ပုံငွေ ထပ်မံလိုအပ်၍ ခွင့်ပြုရန်သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း၊

(ခ) ပြည်နယ်၊ သို့မဟုတ် တိုင်းအဆင့်ရုံးနှင့် ဦးစီးဌာနများတွင် ပေါ်ပေါက်ခဲ့သောနိုင်ငံပိုင် ဘဏ္ဍာငွေ များ၊ ပစ္စည်းများပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းနှင့် စပ်လျဉ်း၍ တင်ပြချက်များ၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က မိမိလုပ်ပိုင်ခွင့်ထက်ကျော်လွန်သဖြင့် တင်ပြလာသည့် မြို့နယ်အဆင့်ရုံးနှင့် ဦးစီးဌာနများတွင် ပေါ်ပေါက်ခဲ့သောနိုင်ငံပိုင်ဘဏ္ဍာငွေများ၊ ပစ္စည်းများပျောက် ဆုံးခြင်း၊ ပျက်စီးခြင်း နှင့်စပ်လျဉ်း၍ တင်ပြချက်များကို လိုအပ်သလို စုံစမ်းပြီးဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ် ထားသည့်တန်ဖိုးအထိ စာရင်းမှ ပယ်ဖျက်ရန် ခွင့်ပြုမိန့်ပေးခြင်း၊

(ဂ) လုံးဝကောက်ခံမရနိုင်ကြောင်း အတိအကျစုံစမ်းစစ်ဆေးတွေ့ရှိသော အခွန်ငွေများကို ကိစ္စရပ် တခုချင်းအတွက် ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့်တန်ဖိုးအထိ စာရင်းမှ ပယ်ဖျက် ရန် သဘောတူခွင့်ပြုချက် ပေးခြင်း။

၁၀။ အလုပ်အမှုဆောင်အဖွဲ့သည် ယစ်မျိုးကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ယစ်မျိုးလုပ်ငန်းအားလုံးကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကျေးလက်ဒေသများတွင် ယစ်မျိုးဆိုင်သစ်များ ဖွင့်လှစ်ရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့၏ သဘောထားမှတ်ချက်ရယူ၍ အဆုံးအဖြတ်ပေးခြင်း၊

(ဂ) ၃ နှစ်တစ်ကြိမ် ယစ်မျိုးအစီအစဉ်ကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘော ထားမှတ်ချက် ရယူ၍ အဆုံးအဖြတ်ပေးခြင်း၊

(ဃ) နှစ်စဉ်ယစ်မျိုး အစီအစဉ်ကို အတည်ပြုခြင်း၊

(င) အထက်မြန်မာ နိုင်ငံတွင် ထန်းရည်နှင့် ချက်အရက်ကို တဆိုင်တည်း၌ လက်လီရောင်းချခွင့်ပြုရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထောက်ခံတင်ပြလာပါကစိစစ်၍ အဆုံးအဖြတ်ပေး ခြင်း၊

Myanmar Law Information System (MLIS)

(စ) ယစ်မျိုးလိုင်စင်ကို မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က လေလံတင်ရောင်းချခဲ့ရာတွင် တစုံတခုသော အကြောင်းကြောင့် ယင်းလေလံကို ပယ်ဖျက်၍ ပြန်လည်ရောင်းချစေသင့်သည်ဟု ယူဆပါက ပြန်လည်ရောင်းချစေရန် အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ယစ်မျိုးလိုင်စင်ကို လေလံ၊ သို့မဟုတ် တင်ဒါစနစ်ဖြင့် ရောင်းချသည့်အခါ အမြင့်ဆုံးဈေးပေးသူ အား ရောင်းချရန်မသင့်ပဲ အခြားသင့်လျော်သူတဦးသို့ ရောင်းချရန် သင့်ကြောင်း မြို့နယ်ပြည်သူ့ ကောင်စီအလုပ်အမှုဆောင် အဖွဲ့က တင်ပြလာပါက စိစစ်၍ အဆုံးအဖြတ်ပေးခြင်း၊

(ဇ) အရစ်ကျ ယစ်မျိုးခွန်ငွေပေးသွင်းရန် ပျက်ကွက်သူအားတလထက်ပို၍ ဆိုင်းငံ့ခွင့်ပြုရန် မြို့နယ် ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(ဈ) ယစ်မျိုးခွန်များကို လွတ်ငြိမ်းခွင့်ပြုခြင်း၊ လုံးဝကောက်ခံ၍ မရနိုင်တော့သော ယစ်မျိုးခွန်များကို စာရင်းမှ ပယ်ဖျက်ခွင့်ပြုခြင်း၊

(ည) ယစ်မျိုးကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏အမိန့်ကို မကျေနပ် သဖြင့် တင်သွင်းသော အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း။

၁၁။ အလုပ်အမှုဆောင်အဖွဲ့သည် ရန်ကုန်ဆိပ်ကမ်းနယ်မြေနှင့် ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသော အခြားဆိပ်ကမ်းနယ်မြေများမှအပ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်း အကောက် ခွန်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) အကောက်ခွန်လုပ်ငန်းများကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အကောက်ခွန်ဥပဒေများအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ပြီးသော ပစ္စည်း များကို ထိုက်သင့်သည့် ဒဏ်ငွေပေးဆောင်စေပြီး ရွေးယူခွင့်ပြုရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့၏ တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(ဂ) အကောက်ခွန်ဥပဒေများအရ ဖမ်းဆီးအရေးယူသည့် မှုခင်းတရပ်ကို တစုံတခုသောအကြောင်း ကြောင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့တဖွဲ့မှ အခြားမြို့နယ် ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့တဖွဲ့သို့ စစ်ဆေးဆုံးဖြတ်ရန် လွှဲပြောင်းပေးခြင်း၊

(ဃ)ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး ကုန်သွယ်ရေး ကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးခြင်း မပြုသောပစ္စည်းများကို အခြားနည်းဖြင့် ထုခွဲရန် မြို့နယ်ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့၏ တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးခြင်း။

၁၂။ အလုပ်အမှုဆောင်အဖွဲ့သည် တံဆိပ်ခေါင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) တံဆိပ်ခေါင်း ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တရားမမှုတွင် လူမွဲအဖြစ် တရားစွဲဆိုခွင့် ရရှိထားသူကပေးဆောင်ရမည့် ကျပ်နှစ်ရာထက်ပိုသည့် ရုံးခွန်ကိုပယ်ဖျက်ခွင့်ပြုရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်အပေါ် အဆုံး အဖြတ်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် အမိန့်ကိုမကျေနပ်သဖြင့် တင်သွင်း သော အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှုကို အဆုံးအဖြတ်ပေးခြင်း။

၁၃။ အလုပ်အမှုဆောင်အဖွဲ့သည် မြေယာစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင် ခွင့်များ ရှိသည်-

(က) မြေယာစီမံခန့်ခွဲမှုကိစ္စများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊

(ဂ) လူမှုရေးကိစ္စများနှင့် သာသနာရေးကိစ္စများ အတွက်တဧကထက်ပိုသော မြေကို အခွန်လွတ်ဂရန် ထုတ်ပေးရေး အတွက် အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဘဒ္ဒသိမ်သမုတ်ရန် မြေဂရန်ထုတ်ပေးရေးအတွက် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က တင်ပြလျှင် သဘောထား မှတ်ချက်နှင့်တကွ ဝန်ကြီးအဖွဲ့သို့ တင်ပြခြင်း၊

(င) ဂရန်စည်းကမ်း ဖောက်ဖျက်မှုနှင့် စပ်လျဉ်း၍ အရေးယူရာတွင် မြို့နယ်ပြည်သူကောင်စီ အလုပ်အမှု ဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့်  တင်သွင်းသော အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(စ) မြို့မြေအသုံးချရေးစီမံချက်ကို မြို့နယ်ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့အား ရေးဆွဲတင်ပြ စေခြင်း၊ တင်ပြသည့် စီမံချက် အပေါ်အဆုံးအဖြတ်ပေးခြင်း၊

(ဆ) နိုင်ငံတော်က စီမံခန့်ခွဲနိုင်သော မြေလွတ် မြေလပ်ကို နိုင်ငံတော်၏အဖွဲ့အစည်း တခုခုအတွက် ၅ ကေအထိ အခမဲ့ လွှဲပြောင်းပေးရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊

(ဇ) ကျွဲ နွား စားကျက်မြေအဖြစ် သတ်မှတ်ရန်၊ နုတ်ပယ်ရန်၊ သို့မဟုတ် ပယ်ဖျက်ရန် မြို့နယ်ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(ဈ) မြေနုကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ မြို့နယ်အချင်းချင်း အငြင်းပွားမှုများကို စစ်ဆေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊ အခြားပြည်နယ်၊ သို့မဟုတ် တိုင်းတခုနှင့် အငြင်းပွားမှုဖြစ်လျှင် ဝန်ကြီးအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်တောင်းခံခြင်း၊

(ည) လယ်ယာမြေများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်သူများထံမှ လယ်ယာမြေနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လိုအပ်လျှင် တရားစွဲဆိုရန် အဆုံးအဖြတ်ပေးခြင်း၊

(ဋ) ဥပဒေနှင့်အညီ မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊

(ဌ) လယ်ယာမြေကို စီမံကိန်းဝင်သီးနှံစိုက်ပျိုးစေရန်ဖြစ်စေ၊ ဥပဒေနှင့်အညီ သတ်မှတ်သည့်နည်းလမ်း အတိုင်း အသုံးချစေရန်ဖြစ်စေ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဍ) ကျွဲ နွား စားကျက်မြေများ၊ ကျွဲ နွား လမ်းများနှင့် ရွာဘုံမြေများ မပျက်စီးစေရန် ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊



Myanmar Law Information System (MLIS)

(ဃ) သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့်မရပဲ လယ်ယာမြေပေါ်တွင် ကျူးကျော်ဝင်ရောက်သဖြင့် နှင်ထုတ်ထိုက်သူကိုနှင်ထုတ်ရေး၊ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦကို ဖယ်ရှားရေးအ တွက် အဆုံး အဖြတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်း၊

(ဏ) မြေယာစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ အမိန့်ကို မကျေနပ် သဖြင့် တင်သွင်းသော အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(တ) လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တင်သွင်းသော အယူခံမှုကို အပြီးအပြတ်အဆုံးအဖြတ်ပေးခြင်း။

<ပြင်ဆင် 28.03.1984>

၁၄။ အလုပ်အမှုဆောင်အဖွဲ့သည် ဆည်မြောင်းတာတမံ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ဆည်မြောင်းတာတမံလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ရန် အဆိုပြုတင်ပြခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းခြေ စာရင်းတွက်ချက်ခြင်းများ ပြုလုပ်ပြီးစီးသည့် ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ရေး အတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းစီမံကိန်းတွင် ထည့်သွင်း ရေးဆွဲတင်ပြခြင်း၊ ယင်းတို့အတွက် ဦးစား ပေးအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) နိုင်ငံတော်ကထိန်းသိမ်းရသော ဆည်မြောင်းတာတမံများကို နှစ်စဉ်ပြင်ဆင်ရန်ဦးစားပေး အစီအစဉ် ရေးဆွဲ တင်ပြခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းခြင်း၊

(ဃ) ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်သည့်လုပ်ငန်းများနှင့် ယင်းတို့ကိုနှစ်စဉ်ပြုပြင် ထိန်းသိမ်း သည့် လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လူထုအပန်းဖြေပန်းခြံများ၊ ပြည်သူပိုင်အဆောက်အဦနှင့် စစ်ဖက်ဆိုင်ရာ အဆောက်အဦများသို့ တူးမြောင်းရေပေးဝေရန် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က တင်ပြလျှင်ဖြစ်စေ၊ မိမိ သဘောအရဖြစ်စေ သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(စ) နိုင်ငံတော်နှင့် လူထုပူးပေါင်းဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကို လေ့လာစိစစ်၍ သက်ဆိုင် ရာ ဝန်ကြီးဌာနသို့ စီမံချက်များရေးဆွဲတင်ပြခြင်း-

(၁) ကျေးရွာဆည်မြောင်းလုပ်ငန်းများ၊

(၂) ကျေးရွာရေကြောင်းသွားလာမှု တာတမံနှင့် ရေစီးရေလာမြောင်းလုပ်ငန်းများ၊

(၃) စီမံကိန်းဝင် သီးနှံစိုက်ပျိုးရေး လုပ်ငန်းအတွက် ရေရရှိရေးလုပ်ငန်းများ၊

(၄) လယ်ယာမြေ ဖော်ထုတ်ရေးနှင့် ကျေးရွာပြန်လည်ထူထောင်ရေး လုပ်ငန်းများ။

၁၅။ အလုပ်အမှုဆောင်အဖွဲ့သည် လယ်ယာလုပ်ငန်းအတွက် သွင်းအားစုများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) စိုက်ပျိုးရေးစီမံကိန်းများ အောင်မြင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန် ခြင်း၊

Myanmar Law Information System (MLIS)

(ခ) နိုင်ငံပိုင်ထွန်စက်များ၊ ရေစုတ်စက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ခွဲဝေနေရာချ ထားခြင်း၊ လုပ်ငန်းဆောင်ရွက် မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်းများအတွက် စီမံကိန်းနှင့်အညီ လိုအပ်သည့်ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစသည်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ခွဲဝေသတ်မှတ်ခြင်း၊ ယင်းတို့ကို မှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃ) လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲ ခြင်း၊ စီမံခန့်ခွဲခြင်း၊

(င) သမဝါယမအသင်းပိုင် လယ်ထွန်စက်များ၊ ရေစုတ်စက်များကို စနစ်တကျအပြည့်အဝအသုံးပြုရန် ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(စ) သမဝါယမအသင်း၊ စုပေါင်းလယ်ယာနှင့် တောင်သူလယ်သမားများအား လယ်ထွန်စက်၊ လက်တွန်း ထွန်စက်၊ ရေစုတ်စက်၊ လယ်ယာသုံး ပစ္စည်းကိရိယာများ ဖြန့်ဖြူးခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ယင်းပစ္စည်းကိရိယာများ ရရှိရေးအတွက် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း၊ သီးခြား အဆိုပြုချက်များ တင်ပြခြင်း၊

(ဆ) လယ်ထွန်စက်၊ ရေစုတ်စက်များအတွက် လိုအပ်မည့် လောင်စာဆီများ၊ အပိုပစ္စည်းများကို စီမံ ကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း၊ သီးခြားအဆိုပြုချက်များတင်ပြခြင်း။

၁၆။ အလုပ်အမှုဆောင်အဖွဲ့သည် အင်းအိုင်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင် ခွင့်များ ရှိသည်-

(က) အင်းအိုင်လုပ်ငန်းများကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) လေလံဖြင့်ဖြစ်စေ၊ တင်ဒါဖြင့်ဖြစ်စေ ဂရန်ထုတ်ပေးရန်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့၏ ဆောင်ရွက်ချက်ကို လုံလောက်သောအကြောင်းရှိပါက လိုအပ်သလိုပြင် ဆင်ခြင်း၊

(ဂ) တားဆီး၍မရနိုင်သောအကြောင်းများကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်လောက်အောင် ဂရန်အင်း ပျက်စီးကြောင်း အချိန်မီ အကြောင်းကြားလာပါက အင်းခွန်လွတ်ငြိမ်းခွင့် ပြုသင့်မသင့် အဆုံးအဖြတ် ပေးခြင်း၊

(ဃ) လုံးဝကောက်ခံမရသော အင်းခွန်ငွေကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘော ထား မှတ်ချက်ရယူပြီး စာရင်းမှပယ်ဖျက်ရန် အဆုံးအဖြတ်ပေးခြင်း။

၁၇။ အလုပ်အမှုဆောင်အဖွဲ့သည် ကျွဲ နွားများနှင့်ပတ်သက်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ကျွဲ နွားများခိုးယူခြင်း၊ ပြည်ပသို့ခိုးထုတ်ခြင်း၊ စည်းကမ်းမဲ့သတ်ဖြတ်ခြင်းတို့ကို တားဆီးရန် အလို့ငှာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်း ကျွဲ နွားများ တနေရာမှတနေရာသို့ သယ်ယူရွှေ့ပြောင်းခြင်း နှင့်စပ်လျဉ်း၍ ပိတ်ပင်ရန်၊ ကန့်သတ်ရန်၊ သို့မဟုတ် စည်းကမ်းသတ်မှတ်၍ ရွှေ့ပြောင်းစေရန် ဥပဒေနှင့် အညီ လိုအပ်သည့်အမိန့်များ ထုတ်ပြန်ခြင်း၊

(ခ) ကျွဲ နွားသတ်ဖြတ်ခြင်း၊ ကျွဲ နွားရောဂါ ဖြစ်ပွားခြင်း စသည်တို့နှင့် စပ်လျဉ်း၍ ယေဘုယျ ကြီးကြပ် ကွပ်ကဲခြင်း။

၁၈။ အလုပ်အမှုဆောင်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင် ခွင့်များရှိသည်-

Myanmar Law Information System (MLIS)

(က) နိုင်ငံပိုင် မွေးမြူရေးခြံများ၏ နှစ်စဉ်နှင့် နှစ်ရှည်စီမံကိန်းများကို တင်ပြစေခြင်း၊ ယင်းစီမံကိန်း များကို မြို့နယ်စီမံကိန်းများနှင့် လည်းကောင်း၊ ပြည်နယ်၊ သို့မဟုတ် တိုင်းစီမံကိန်းနှင့် လည်းကောင်း ဆက်စပ်ညှိနှိုင်း ပေးခြင်း၊

(ခ) သမဝါယမမွေးမြူရေးစီမံကိန်းများကို နိုင်ငံပိုင်မွေးမြူရေးစီမံကိန်း၊ ပြည်နယ်၊ သို့မဟုတ် တိုင်း စီမံကိန်း၊ မြို့နယ်စီမံကိန်းများနှင့် ဆက်စပ်ညှိနှိုင်းပေးခြင်း၊

(ဂ) သမဝါယမနှင့်ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်မည့်ကျွမ်းကျင်မှု၊ မျိုးကောင်းမျိုး သန့်၊ အစားအစာနှင့် ဆေးဝါးများရရှိရေးကို ပြည်နယ်၊ သို့မဟုတ် တိုင်းမွေးမြူရေး စီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း၊ သီးခြားအဆိုပြုချက်များ တင်ပြခြင်း၊ ပြည်နယ်၊ သို့မဟုတ် တိုင်း အတွင်း ညှိနှိုင်းပေးခြင်း၊

(ဃ) ငါးမွေးကန်များ တူးဖော်ရေးအတွက် သင့်လျော်မည့် မြေနေရာများကို သတ်မှတ်ပေးခြင်း၊ လိုအပ်ပါက စိစစ်ချက်များနှင့်တကွ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း၊

(င) ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်း မွေးမြူရေးလုပ်ငန်းများအောင်မြင်စေရန် လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊ ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း။

၁၉။ အလုပ်အမှုဆောင်အဖွဲ့သည် သစ်တောလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) သစ်တောလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆို ပြုတင်ပြချက်ကို ညှိနှိုင်းစိစစ်၍ ဝန်ကြီးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) အမိန့်မရပဲ တောင်ယာခုတ်ခြင်းမပြုရန် ကြေညာသင့်သော ဒေသများနှင့်စပ်လျဉ်း၍ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ ဆောင်ရွက်ချက်များကို ညှိနှိုင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) သစ်တောအတွင်းမှ လင်းနို့ချေး ထုတ်ယူခွင့်အတွက် တစ်နှစ်ထက်ပိုသော လိုင်စင်ထုတ်ပေးရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုတင်ပြချက်အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(င) စီးပွားရေးအတွက် ထင်းခုတ်ခွင့်လိုင်စင်ထုတ်ပေးရန် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ အဆိုပြုတင်ပြချက် အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(စ) ပယ်သစ်များ၊ ကိုင်းဖျားကိုင်းနားများ၊ ဆုံပိုင်းများနှင့် ပင်ကြပ်များကို သမဝါယမအသင်းများအား လည်းကောင်း၊ ပုဂ္ဂလိကအား လည်းကောင်း အခွန်ထမ်းဆောင်စေပြီး ထုတ်လုပ်ခွင့်ပြုသင့် မသင့် အဆုံးအဖြတ် ပေးခြင်း၊

(ဆ) သစ်စက်၊ လွှဝိုင်း၊ ပတ်လွှ လိုင်စင်ထုတ်ပေးရေးအတွက် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့၏ အဆိုပြု တင်ပြချက် အပေါ် အဆုံးအဖြတ်ပေးခြင်း။

၂၀။ အလုပ်အမှုဆောင်အဖွဲ့သည် ရေနံနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) သိုလှောင်ခွင့်ရှိသည့် ဘေးအန္တရာယ်များသော ရေနံနှင့် ဘေးအန္တရာယ်နည်းသော ရေနံပမာဏတို့ကို ရေနံနည်းဥပဒေ များနှင့်အညီ သတ်မှတ်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ခ) ရေနံနှင့်ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ဓာတ်ငွေ့များသိုလှောင်ခြင်းနှင့် အသုံးပြုခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း။

၂၁။ အလုပ်အမှုဆောင်အဖွဲ့သည် သတ္တုတူးဖော်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ယေဘုယျကြီးကြပ် ကွပ်ကဲပိုင်ခွင့်ရှိသည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း၏လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း၏ လုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) လျှပ်စစ်မီတာများ ဖြန့်ဖြူးရေးကိစ္စကို ညှိနှိုင်းပေးခြင်း၊

(ဂ) လျှပ်စစ်မီးတပ်ဆင်ရန် လိုအပ်သည့်မြို့များ၊ ကျေးရွာများ၏ဦးစားပေးအစီအစဉ်ကို စီမံကိန်းဘောင် အတွင်း ညှိနှိုင်းရေးဆွဲခြင်း၊ တင်ပြခြင်း။

၂၃။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဂ္ဂလိကလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း လုပ်ပိုင်ခွင့်ရှိသည်။

၂၄။ အလုပ်အမှုဆောင်အဖွဲ့သည် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) လမ်းသစ်များဖောက်လုပ်ရေး၊ တံတားသစ်များဆောက်လုပ်ရေးအတွက် ဦးစားပေးအစီအစဉ် များကို ပြည်နယ်၊ သို့မဟုတ် တိုင်း စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်း၊

(ခ)လမ်းဟောင်းများ၊ တံတားဟောင်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် ဦးစားပေးအစီအစဉ်များကို ပြည်နယ်၊ သို့မဟုတ် တိုင်း ရ-သုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်း၊

(ဂ) လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားသစ်များဆောက်လုပ်ခြင်း၊ လမ်းဟောင်းနှင့် တံတား ဟောင်းများ ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်သူ့ကောင်စီရုံးများ၊ ဦးစီးဌာနများပိုင် အဆောက်အဦများ၊ လေယာဉ်ကွင်းများ တည်ဆောက် ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းအတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေ ငွေစာရင်း တွင် ထည့်သွင်း ရေးဆွဲခြင်း၊ ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း။

၂၅။ အလုပ်အမှုဆောင်အဖွဲ့သည် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်-

(က) ကြိုးမဲ့ကြေးနန်းနှင့် ကြေးနန်းလိုင်းသစ်များ တပ်ဆင်ရန် ဦးစားပေးအစီအစဉ်များရေးဆွဲခြင်း၊ တင်ပြခြင်း၊

(ခ) ချောလမ်းများတွင် ကန်ထရိုက်စနစ်ဖြင့်  ချောသယ်ယူပို့ဆောင်ရန် တင်ဒါများကို ခေါ်ယူခြင်း၊ ရွေးချယ်ခြင်း၊

(ဂ) ဒေသဆိုင်ရာစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ပြေလည် ချောမွေ့စေရေးအတွက် သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် အငှားယာဉ်များကို လိုအပ်သလို ကြီးကြပ် ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ဃ) ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများတွင် မသမာမှုများ မဖြစ်ပေါ်စေရန်လည်းကောင်း၊ ယာဉ်များ အချိန်မှန်ဝင်ထွက်နိုင်စေရန် လည်းကောင်း ယာဉ်များကို ဥပဒေနှင့်ဆန့်ကျင်သော လုပ်ငန်းများတွင် အသုံးမပြုနိုင်စေရန် လည်းကောင်း၊ ယာဉ်များ၊ ခရီးသည်များ၏ လုံခြုံရေးအတွက် လည်းကောင်း၊ ချောစာ၊ ချောထုပ်၊

Myanmar Law Information System (MLIS)

ငွေ့ပို့လွှာ၊ ငွေလွှဲစာ၊ သံကြိုးစာများကြန့်ကြာခြင်း၊ ပျောက်ဆုံးခြင်း မရှိစေရန် လည်းကောင်း ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(င) ပစ္စည်းသယ်ယူပို့ဆောင်ရေးနှင့် ပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း၊ ယင်းသို့ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်းကို ခံယူရန် ငြင်းဆန်သော၊ သို့မဟုတ် လုံလောက်သော အကြောင်းမရှိပဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော တာဝန်ရှိ ဝန်ထမ်းများအား လိုအပ်သလိုအရေးယူရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(စ) ရေကြောင်း၊ လေကြောင်းခရီးစဉ်သစ်များ ဖွင့်လှစ်ရေးအတွက် အဆိုပြုတင်ပြခြင်း။

၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် သမဝါယမအသင်းများနှင့် စပ်လျဉ်း၍ သမဝါယမ ဥပဒေတွင် ပြဋ္ဌာန်း ထားသည့် အတိုင်း လုပ်ပိုင်ခွင့်ရှိသည်။

၂၇။ အလုပ်အမှုဆောင်အဖွဲ့သည် ကုန်ပစ္စည်း ရောင်းဝယ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ပြည်သူများအားရောင်းချရန် ကုန်ပစ္စည်းများမှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့ အစည်းများ၏ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) ပြည်သူများထံမှ သီးနှံများ၊ ရေထွက်ပစ္စည်းများနှင့် အခြားပစ္စည်းများဝယ်ယူသည့်လုပ်ငန်းတွင် နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲ ခြင်း၊ ညွှန်ကြားခြင်း၊ ယင်းသို့ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်းကိုခံယူရန် ငြင်းဆန်သော ၊သို့မဟုတ် လုံလောက်သော အကြောင်းမရှိပဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော တာဝန်ရှိ ဝန်ထမ်းများအား လိုအပ်သလိုအရေးယူရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြခြင်း။

၂၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပညာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်-

(က) အထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများ၏ စီမံခန့်ခွဲရေးနှင့် စစ်ဆေးရေးလုပ်ငန်း များကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပြည်နယ်၊ သို့မဟုတ် တိုင်း အတွက် ဖွင့်လှစ်ခွင့်ရရှိသော မူလတန်းကျောင်းသစ်များကို မြို့နယ်များ တွင် ဖွင့်လှစ်ရန် ခွဲဝေပေးခြင်း၊

(ဂ) အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများ ဖွင့်လှစ်သင့်သော ဒေသများကို မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များနှင့် ညှိနှိုင်း၍ ဦးစားပေး အစီအစဉ်ရေးဆွဲခြင်း၊ တင်ပြခြင်း၊

(ဃ) ပြည်နယ်၊ သို့မဟုတ် တိုင်းအတွက် ဖွင့်လှစ်ခွင့်ရရှိသော အလယ်တန်းကျောင်းနှင့် အထက်တန်း ကျောင်းသစ်များကို ဦးစားပေးအစီအစဉ်အရ ဖွင့်လှစ်ခြင်း၊

(င) တွဲဖက် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများကို စည်းကမ်းများနှင့်အညီ ဖွင့်လှစ် ခွင့်ပြုခြင်း၊

(စ) ကျူရှင်သင်တန်းများဖွင့်လှစ်ခြင်း၊ စည်းကမ်းနှင့်မညီညွတ်သော ကျူရှင်သင်တန်းများကို ပိတ်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ဖွင့်လှစ်ထားသော မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများကို ပူးပေါင်းရန်၊ ပြောင်းရွှေ့ရန်၊ သို့မဟုတ် ဖျက်သိမ်းရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက် အပေါ် အဆုံးအဖြတ် ပေးခြင်း၊

(ဇ) ဖွင့်လှစ်ထားသော အထက်တန်းကျောင်းများကို ပူးပေါင်းရန်၊ ပြောင်းရွှေ့ရန်၊ သို့မဟုတ် ဖျက်သိမ်းရန် ရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း၊

(ဈ) ဒေသကောလိပ်များဖွင့်လှစ်ခြင်း ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံများနှင့် အခြားပညာရေး လုပ်ငန်းများတွင် အထွေထွေ စည်းကမ်း သေဝပ်ရေးကိုကြီးကြပ်ကွပ်ကဲခြင်း။

၂၉။ အလုပ်အမှုဆောင်အဖွဲ့သည် ကျန်းမာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင် ခွင့်များ ရှိသည်-

(က) ကျန်းမာရေးလုပ်ငန်းများကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဆေးရုံများ၊ ဆေးပေးခန်းများ၊ ကျန်းမာရေးအဖွဲ့များ၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့များ၊ အားကစားနှင့် ကာယပညာ လုပ်ငန်းများနှင့် အခြားပြည်သူ့ ကျန်းမာရေး ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) ကူးစက်တတ်သော ရောဂါများနှင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ရောဂါများမှ ကြိုတင် ကာကွယ် ရေးအတွက် စည်းရုံးရေးနှင့် တားဆီးရေးကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ အစားအသောက်နှင့်ဆေးဝါးများ၊ အများပြည်သူ အသုံးပြုရန် ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ကူးစက်တတ်သော ရောဂါကာကွယ်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဥပဒေနှင့်အညီ လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်း၊

(င) မိခင်နှင့် ကလေးကျန်းမာရေးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ တိုင်းရင်းဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်သင့်သော ကျေးရွာများနှင့်စပ်လျဉ်း၍ ဦးစားပေးအစီအစဉ် ရေးဆွဲခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြခြင်း၊

(စ) ဆေးရုံ၊ ဒေသန္တရဆေးပေးခန်း ဖွင့်လှစ်ရေးအတွက် ဦးစားပေးအစီအစဉ်ရေးဆွဲခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဆ) သူနာပြုဆရာမသင်တန်းနှင့် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သည့်သင်တန်းများသို့ တက်ရောက် ရန် အခါအားလျော်စွာ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သင်တန်းသားများကို စိစစ်ရွေး ချယ်ခြင်း၊

(ဇ) ဆေးရုံကြီးကြပ်ရေးအဖွဲ့များကို ဆေးရုံအလိုက် ဖွဲ့စည်းပေးခြင်း၊ ယင်းအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဈ) ပြည်နယ်၊ သို့မဟုတ် တိုင်းမူးယစ်ဆေးဝါးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးအဖွဲ့များကို ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၃၀။ အလုပ်အမှုဆောင်အဖွဲ့သည် လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

Myanmar Law Information System (MLIS)

(က) လူမှုဝန်ထမ်းလုပ်ငန်းများကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) စေတနာ့ဝန်ထမ်းဂေဟာများကို နိုင်ငံတော်မှထောက်ပံ့ကြေးပေးရန် သင့်မသင့်စိစစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊ ယင်းဂေဟာများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) သဘာဝဘေးဒုက္ခတွေ့ကြုံလာလျှင်သော်လည်းကောင်း၊ သောင်းကျန်းသူဘေးရန်ကြောင့် နေရပ်မှ ထွက်ပြေးတိမ်းရှောင်လာသူများအတွက် သော်လည်းကောင်း၊ မြစ်နှင့်ပင်လယ်ရေမျော ဒုက္ခသည်များ အတွက် သော်လည်းကောင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ရန်ပုံငွေများကို စိစစ်၍သုံးစွဲခွင့်ပြုခြင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများကို ကြီးကြပ် ကွပ်ကဲခြင်း။

၃၁။ အလုပ်အမှုဆောင်အဖွဲ့သည် ယဉ်ကျေးမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) ဥပဒေအရ အကာအကွယ်ပေးထားသော ရှေးဟောင်းပစ္စည်းများနှင့်စပ်လျဉ်း၍ ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် သမိုင်းဝင်ပုဂ္ဂိုလ်၏အထိမ်းအမှတ်အဖြစ် အဆောက်အဦ၊ ကြေးရုပ်၊ ကျောက်ရုပ်၊ ကျောက်တိုင်၊ သို့မဟုတ် ပန်းခြံ တည်ဆောက်ရေးအတွက် စိစစ်၍ ဝန်ကြီးအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊ ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်မရပဲ တည်ဆောက်ခြင်းများကို တားမြစ်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင် ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ စောင့်ထိန်းရမည့် ဓလေ့ထုံး တမ်းများ တိုးတက်ထွန်းကားခိုင်မာစေရန် ဖော်ထုတ်ရေးအတွက် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပြန်ကြားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့် များရှိသည်-

(က) ဥပဒေနှင့်ညီညွတ်သော စာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲများနှင့် စပ်လျဉ်း၍ ခွင့်ပြုချက်ပေးခြင်း၊

(ခ) ပြန်ကြားရေးစာကြည့်တိုက်လုပ်ငန်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ရုပ်ရှင်ရုံလုပ်ငန်းများကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထောက်ခံတင်ပြသော သတင်းထောက် မှတ်ပုံတင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ စိစစ်တင်ပြခြင်း၊

၃၃။ အလုပ်အမှုဆောင်အဖွဲ့သည် မှုခင်းကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) နိုင်ငံတော်အတွက် အရေးကြီးသော ပြစ်မှုတခုသည်ဥပဒေတခု၊ သို့မဟုတ် ပုဒ်မတခုထက်ပို၍ အကျုံးဝင်ပါက မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မဖြင့် တရားစွဲဆိုသင့်သည်ကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ကတင်ပြလျှင် ဝန်ကြီးအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်း၊

(ခ) အောက်ပါပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ တရားရုံးသို့ စွဲဆိုတင်ပို့ခြင်း မပြုနိုင်ကြောင်း ပြည်သူ့ရဲ ၏တင်ပြချက်အရ မြို့နယ်ပြည်သူ့ ကောင်စီ အလုပ်အမှုအဆောင်အဖွဲ့က အမှုပိတ်ရန် တင်ပြချက်အပေါ် အဆုံး အဖြတ်ပေးခြင်း-

(၁) လူသတ်မှု၊

(၂) ဒမြမှု၊

(၃) လုယက်မှု၊

(၄) လူပြန်ပေးမှု၊



Myanmar Law Information System (MLIS)

(၅) ဖောက်ထွင်းမှု၊

(၆) ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လား စသည့် စီးပွားရေးအတွက် အထောက်အကူပြုသော တိရစ္ဆာန်ခိုးမှု၊

(၇) မုဒိန်းမှု၊

(၈) နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊

(၉) နိုင်ငံပိုင်လက်နက် ခဲယမ်းမီးကျောက် ခိုးမှုနှင့်စစ်သုံးလက်နက်များကို တိုင်းပြည်သစ္စာ ဖောက်ရန် ရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားရှိမှု၊

(၁၀) မတရားအသင်းများအား ကူညီအားပေးမှု၊ အသင်းဝင်ဖြစ်မှု၊

(ဂ) ဒေသဆိုင်ရာလုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေး တို့ကို တာဝန်ယူဆောင်ရွက် ခြင်း၊

(ဃ) လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့် အဖွဲ့အစည်းများ၊ အဖျက် လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်ရေးအတွက် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(င) ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ဒုစရိုက်လုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးရေး၊ နှိမ်နင်း ရေးနှင့် လျော့နည်းကျဆင်းရေးတို့အတွက် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(စ) စာတိုက်၊ သို့မဟုတ် ကြေးနန်းဆိုင်ရာ တာဝန်ရှိသူများ လက်ဝယ်ရှိစာ၊ ကြေးနန်းစာ၊ ချောထုပ် များကို ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်ကြောင်းပြည်သူ့ရဲမှ တင်ပြပါက ယင်းတို့ကို ထုတ်ပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြားခြင်း၊ ယင်းသို့ညွှန်ကြားခြင်းကို လိုက်နာခြင်း မရှိပါက ယင်းစွည်းများကို ရှာဖွေရန် ဝရမ်းထုတ်ပေးခြင်း၊

(ဆ) ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန်အမိန့်ပေးခြင်း၊ ယင်းသို့အမိန့်ပေးသော်လည်း လူစုကွဲမည့်အခြေအနေမရှိလျှင် လူစုခွဲရေးအတွက်ဖြစ်စေ၊ ပါဝင်သူများအား တရားဥပဒေအရ အရေးယူ နိုင်ရန် ဖမ်းဆီးရေးအတွက်ဖြစ်စေ ပြည်သူ့ရဲ အင်အားကို အသုံးပြု၍ဆောင်ရွက်ခြင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားမဟုတ်သူ မည်သူ့ထံမှမဆို အကူအညီတောင်းခံရယူနိုင်ခြင်း၊

(ဇ) ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို အခြားနည်းဖြင့် လူစုခွဲ၍ မရနိုင်လျှင် တပ်မတော်၏ အင်အားကို တောင်းခံအသုံးပြု၍ လူစုခွဲခြင်း၊

(ဈ) အများပြည်သူစိတ်ငြိုငြင်စေမည့် နှောင့်ယှက်မှုများကိုဖယ်ရှားစေခြင်း၊ ယင်းသို့နှောင့်ယှက်မှုထပ်မံ မပြုလုပ်ရန်၊ သို့မဟုတ် ဆက်လက်မပြုလုပ်ရန် တားမြစ်ခြင်း၊

(ည) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေး ပျက်ပြားစေမည့် လုပ်ရပ်များကို တားမြစ်သည့် အမိန့်ထုတ်ပြန်ခြင်း၊

(ဋ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကြောင့် အေးချမ်းသာယာမှုကို ထိခိုက် စေမည့် အကြောင်းရှိပါက ဝင်ထွက်သွားလာခြင်း မပြုရန် တားဆီးမိန့်ထုတ်ခြင်း၊

(ဌ) ပြည်သူ့ရဲက စုံစမ်းစစ်ဆေးနေသည့် ကာလတွင် ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူတဦးထံမှ အဖြစ်မှန်ကို သိသမျှဝန်ခံထွက်ဆိုပါမည်ဟူသော စည်းကမ်းချက်ဖြင့် လွတ်ငြိမ်းခွင့်ပေးရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးခြင်း။

၃၄။ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဦးသည် မိမိရှေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူး လွန်သူအား ကိုယ်တိုင်ဖမ်းဆီးနိုင်သည်၊ သို့မဟုတ် ဖမ်းဆီးစေနိုင်သည်။ ယင်းသို့ ဖမ်းဆီးခြင်းကို အလုပ် အမှုဆောင် အဖွဲ့သို့ တင်ပြရမည်။

၃၅။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ရဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ပြည်သူ့ရဲလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) လုံခြုံရေးနှင့် မှုခင်းအခြေအနေအရ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ရဲ ဖွဲ့စည်းပုံအတွင်းရှိ ရဲစခန်း များ၊ ရဲကင်းစခန်းများ၏ အင်အားကိုယာယီပြောင်းလဲ၍ နေရာချထားခြင်း၊

(ဂ) စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ကို စည်းကမ်းသတ်မှတ်ချက်များဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ စည်းကမ်း သတ်မှတ်ချက်ကို ဖောက်ဖျက်ပါကအရေးယူခြင်း၊ စည်းကမ်းဖောက်ဖျက်သော စုဝေးခြင်း၊ စီတန်းလှည့် လည်ခြင်းများကို ရပ်ဆိုင်းစေခြင်း၊ ဖျက်သိမ်းရန်အမိန့်ပေးခြင်း၊

(ဃ) လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအားအနှောင့်အယှက်ဖြစ်စေရန်၊ အန္တရာယ်ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန်၊ သို့မဟုတ် အဟန့်အတားဖြစ်စေရန် ပြုလုပ်မှုအတွက် ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ဖမ်းဆီးအရေးယူစေခြင်း၊

(င) အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးက ဖြစ်စေတရားဝင်ညွှန်ကြားသည့် ကိစ္စနှင့် စပ်လျဉ်း၍ လုံလောက်သော အကြောင်းမရှိပဲ ဆောင်ရွက်ရန် ပျက်ကွက်သော ပြည်သူ့ရဲအားရဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ အရေးယူခြင်း၊ အရေးယူစေခြင်း။

၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊ လမ်း ညွှန်ခြင်း၊

(ခ) နိုင်ငံခြားသားတဦးအားပြည်နှင်ဒဏ် ပေးသင့်ကြောင်း မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ တင်ပြချက်ကို စိစစ်ခြင်း၊ သဘောတူပါက သက်ဆိုင်ရာဝန်ကြီး ဌာနသို့အဆိုပြုတင်ပြခြင်း၊

(ဂ) နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုမှုလက်မှတ်ထုတ်ပေးရန်လျှောက်လွှာများကို မြို့နယ်ပြည်သူ့ ကောင်စီအလုပ် အမှုဆောင်အဖွဲ့က သဘောထားမှတ်ချက်နှင့်တကွ တင်ပြလာပါက လိုအပ်သလို စိစစ်ခြင်း၊ သဘောထား မှတ်ချက်နှင့်တကွ သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဃ) နိုင်ငံခြားသားများအား လူမှုရေးအကြောင်းပြချက်ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်းခရီးသွားလာခွင့်ပြုခြင်း၊

Myanmar Law Information System (MLIS)

(င) နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသားများ တရားမဝင်သောနည်းဖြင့် ဝင်ရောက်လှုပ်ရှားနေထိုင်ခြင်း၊ နိုင်ငံတော်အတွင်းတရားဝင် နေထိုင်သော နိုင်ငံခြားသားများ၏လှုပ်ရှားနေထိုင်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ကာကွယ်ခြင်း၊ ဟန့်တားခြင်း၊ အရေးယူခြင်းရှိမရှိ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ မြို့နယ်တခုမှ နိုင်ငံခြားသားတဦးအား ယင်းမြို့နယ်ပြင်ပသို့ ပြောင်းရွှေ့နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ တင်ပြချက် အပေါ် အဆုံးအဖြတ်ပေးခြင်း။

၃၇။ အလုပ်အမှုဆောင်အဖွဲ့သည် အကျဉ်းစခန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) အကျဉ်းစခန်းလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) အကျဉ်းစခန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း၊

(ဂ) အကျဉ်းစခန်းအတွင်း အကျင့်စာရိတ္တနှင့် အလုပ်အကိုင်ကောင်းမွန်သော အကျဉ်းသားများအား တနှစ်လျှင်ရက်ပေါင်း ခြောက်ဆယ်အထိ အထူးလျှော့ရက်ပေးရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း။

၃၈။ အလုပ်အမှုဆောင်အဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) စည်ပင်သာယာရေးလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းများကို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း၊ ညွှန်ကြားခြင်း၊

(ဂ) စည်ပင်သာယာရေးအဖွဲ့တဖွဲ့နှင့် အခြားစည်ပင်သာယာရေးအဖွဲ့တဖွဲ့တို့၏ စည်ပင်သာယာရေး လုပ်ငန်းများကို ညှိနှိုင်းပေးခြင်း၊ အငြင်းပွားမှုကို အပြီးအပြတ် အဆုံးအဖြတ်ပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့၏ အခွန်စည်းကြပ်မှုကိုမကျေနပ်သဖြင့် တင်သွင်းသောအယူခံမှုကို အဆုံး အဖြတ်ပေးခြင်း၊

(င) စည်ပင်သာယာရေးအဖွဲ့ကချမှတ်သော အမိန့်အပေါ်မကျေနပ်သဖြင့် တင်သွင်းသော အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့က စည်းကြပ်ကောက်ခံလျက်ရှိသော အခွန်အကောက်တရပ်ရပ်ကို ခေတ္တရပ် ဆိုင်းရန် အဆုံးအဖြတ်ပေးခြင်း၊ ညွှန်ကြားခြင်း၊

(ဆ) စည်ပင်သာယာရေးအဖွဲ့၏ဆုံးဖြတ်ချက်၊ အမိန့်၊ သို့မဟုတ် ဆောင်ရွက်ချက်တရပ်သည် ဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ထက် ကျော်လွန်လျှင်သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် အများ ပြည်သူတို့၏ အကျိုးကို ထိခိုက်စလျှင်သော်လည်းကောင်း၊ ယင်းဆုံးဖြတ်ချက်၊အမိန့်၊ သို့မဟုတ် ဆောင်ရွက်ချက်ကို ရပ်ဆိုင်းရန်ညွှန်ကြားခြင်း၊

(ဇ) စည်ပင်သာယာရေးအဖွဲ့က စည်းကြပ်ကောက်ခံသော အခွန်အကောက်များနှင့် စပ်လျဉ်း၍ လွတ်ငြိမ်းခွင့် ပြုခြင်း၊

(ဈ) စည်ပင်သာယာရေးအဖွဲ့က ထုတ်ပေးသည့် သားသတ်နှင့် အသားရောင်းလုပ်ငန်း လိုင်စင်များကို လည်းကောင်း၊ ကူးတို့လိုင်စင်များကိုလည်းကောင်း သမဝါယမအသင်းများသို့ ၅ နှစ် ပျမ်းမျှကြေးဖြင့် ရောင်းချရန်ခွင့်ပြုခြင်း၊ ၅ နှစ်ပျမ်းမျှကြေးအပေါ် တစ်ဆယ့်ငါးရာခိုင်နှုန်းအထိ အတိုးအလျှော့ပြုလုပ် ခြင်း။

Myanmar Law Information System (MLIS)

**ခြွင်းချက်။** ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ မြို့နယ်များနှင့် မသက်ဆိုင်စေရ။

၃၉။ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မြို့တော်စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းပေးပိုင်ခွင့်ရှိသည်။ ယင်းအဖွဲ့တွင် ရန်ကုန်တိုင်းပြည်သူ့ကောင်စီဥက္ကဋ္ဌအား ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်စေရမည်။ အဖွဲ့ဥက္ကဋ္ဌသည် ရန်ကုန်မြို့တော်၏ မြို့တော်ဝန်ဖြစ်သည်။

၄၀။ မန္တလေးတိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းပေးပိုင်ခွင့်ရှိသည်။ ယင်းအဖွဲ့တွင် မန္တလေးတိုင်းပြည်သူ့ကောင်စီဥက္ကဋ္ဌအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် စေရမည်။

၄၁။ အလုပ်အမှုဆောင်အဖွဲ့သည် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင် ခွင့်များ ရှိသည်-

(က) ကူးတို့လုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကူးတို့လိုင်စင်ခလျှော့ပေါ့ရန် တင်သွင်းသည့်အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

၄၂။ အလုပ်အမှုဆောင်အဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်ရှည်နှစ်တို စီမံကိန်းများရေးဆွဲလျက် လိုအပ်သော ရန်ပုံငွေများကို နှစ်စဉ်တောင်းခံထားရှိခြင်း၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များက ရေးဆွဲတင်ပြသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိစစ်၍ မိမိပြည်နယ်၊ သို့မဟုတ် တိုင်းအတွက်ခွဲဝေ ရရှိထားသော ရန်ပုံငွေအတွင်းမှ ခွင့်ပြုချက်ပေးခြင်း၊

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ကြီးအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံခြင်း။

၄၃။ အလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက်၊ မြို့၊ မြို့နယ်များနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့် များရှိသည်-

(က) ရပ်ကွက်၊ မြို့၊ မြို့နယ်များကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က တင်ပြလာလျှင် အခြေခံဥပဒေအရ ဝန်ကြီးအဖွဲ့က ဆောင်ရွက်နိုင်ရန် စိစစ် တင်ပြခြင်း၊

(ခ) ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များက မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ ဆက်သွယ်အကြောင်းကြားရမည့် ပြစ်မှုများနှင့် အကြောင်းကိစ္စများကို ကြိုတင်ခွင့်ပြုချက် သတ်မှတ်ပေးခြင်း၊

(ဂ) ရပ်ကွက်အတွင်း စခန်းချသော၊ သို့မဟုတ် ဖြတ်သန်းချီတက်သော တပ်မတော်နှင့် နိုင်ငံတော်၏ လက်နက်ကိုင်အဖွဲ့အစည်းများအတွက် စီစဉ်ပေးရသည့်ကိစ္စများ၊

(ခ) အများပြည်သူဆိုင်ရာ ကူးတို့များကိုသတ်မှတ်ခြင်း၊ ကူးတို့တည်ရှိရာဒေသသတ်မှတ်ခြင်း၊ ကူးတို့ နယ်နိမိတ်များနှင့် ကူးတို့လမ်းကြောင်းများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရှိပြီးကူးတို့များကို ဖျက်သိမ်း ခြင်း၊ ကူးတို့ ဝင်ငွေများကို စည်ပင်သာယာရေးအဖွဲ့များအား ခွဲဝေရန်အချိုးသတ်မှတ်ခြင်း၊ ကူးတို့ တည်ရှိရာဒေသနှင့် စပ်လျဉ်း၍ အခြားပြည်နယ်၊ သို့မဟုတ် တိုင်းတခုနှင့် အငြင်းပွားလျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ တင်ပြ၍ အဆုံးအဖြတ်တောင်းခံခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ကြီးမားသော ကူးတို့များကို ၇ နှစ်ထက်မပိုသော ကာလအထိ လိုင်စင်ထုတ်ပေးရန် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့နှင့် ညှိနှိုင်း၍ခွင့်ပြုခြင်း၊

(ဃ) ကူးတို့လိုင်စင်များကို ဖျက်သိမ်းခြင်း၊

(င) ကူးတို့လိုင်စင်ကို ဖျက်သိမ်းလျှင်၊ သို့မဟုတ် ကူးတို့လိုင်စင်ရသူက လိုင်စင်ကိုပြန်အပ်လျှင် ကူးတို့ လုပ်ငန်းကို ဆက်လက်လုပ်ကိုင် နိုင်ရေးအတွက် မူလလုပ်ကိုင်သူ၏ ရေယာဉ်နှင့်ပစ္စည်းများကို မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ခေတ္တသိမ်းယူအသုံးပြုခြင်းအတွက် လျော်ကြေး၊ သို့မဟုတ် ငှားရမ်းခကို သတ်မှတ်ပေးခြင်း၊

(စ) အရေးပေါ်ကိစ္စများအတွက် ကူးတို့ရေယာဉ်နှင့်ပစ္စည်းများကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့က ခေတ္တသိမ်းယူအသုံးပြုခြင်းအတွက် လျော်ကြေး၊ သို့မဟုတ် ငှားရမ်းခကို သတ်မှတ်ပေး ခြင်း၊

(ဆ) လူ၊ တိရစ္ဆာန်၊ ယာဉ်များသယ်ယူပို့ဆောင်ခကို သတ်မှတ်ခြင်း၊ တာဝန်ဖြင့်ခရီးသွားလာသော ဝန်ထမ်းများအတွက် ကူးတို့ခကင်းလွတ်ခွင့်ပြုခြင်း၊ အထူးဆောက်လုပ်ထားသော ကူးတို့ဆိပ်ကို အသုံး ပြုသည့်အတွက် အခနှုန်းထားကို မြို့နယ်ပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်အတည်ပြုခြင်း၊ လမ်းပြများနှင့် ယာဉ်များအတွက် ပေးချေရန် တန်ဖိုး၊ ငှားရမ်းခ၊ နှုန်းထား များကို သတ်မှတ်ပေးခြင်း၊

၄၄။ အလုပ်အမှုဆောင်အဖွဲ့သည် ကျေးရွာ၊ ကျေးရွာအုပ်စုများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့် များရှိသည်-

(က) ကျေးရွာ၊ ကျေးရွာအုပ်စုများကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ မြို့နယ် ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က တင်ပြလာလျှင် အခြေခံဥပဒေအရ ဝန်ကြီးအဖွဲ့က ဆောင်ရွက် နိုင်ရန် စိစစ်တင်ပြခြင်း၊

(ခ) ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များက မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့သို့ ဆက်သွယ်အကြောင်းကြားရမည့် ပြစ်မှုများနှင့်အကြောင်းကိစ္စများကို ကြိုတင်ခွင့်ပြုချက် သတ်မှတ်ပေးခြင်း၊

(ဂ) ဒမြရန်ကိုခုခံရန်ပျက်ကွက်သော၊ သို့မဟုတ် ပြစ်မှုကိုထိမ်ချန်ဖုံးကွယ်သော ကျေးရွာသားအားလုံး ကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ တဦးတယောက်ကိုဖြစ်စေ ငွေဒဏ်တပ်ရိုက်ရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ကျေးရွာအုပ်စုအတွင်း စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် အလို့ငှာတာဝန်ဖြင့် ရောက်ရှိလာသော နိုင်ငံတော်၏ဝန်ထမ်းများအတွက် ရိက္ခာ၊ ယာဉ်၊ သယ်ယူပို့ဆောင်ရေး၊ လမ်းပြနှင့် လုပ်သားများစီစဉ်ပေးရန် ညွှန်ကြားခြင်း၊ ပေးချေရမည့်တန်ဖိုး၊ ငှား ရမ်းခ၊ နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(င) ကျေးရွာနှင့်စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က ချမှတ်သောအမိန့်များကို စိစစ်၍ လိုအပ်ပါက ပြင်ဆင်ခြင်း။

၄၅။ အလုပ်အမှုဆောင်အဖွဲ့သည် မိမိဒေသအတွင်း မီးဘေးကာကွယ်တားဆီးရေး လုပ်ငန်းများ၊ မီးသတ် လုပ်ငန်းများ၊ မီးလောင်မြေ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း ပြုလုပ် ပိုင်ခွင့် ရှိသည်။

၄၆။ အလုပ်အမှုဆောင်အဖွဲ့သည် အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင် ခွင့်များ ရှိသည်-



Myanmar Law Information System (MLIS)

(က) အလုပ်သမားရေးရာကိစ္စရပ်များကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဝါဏိဇ္ဇပဋိပက္ခဥပဒေအရ မြို့နယ်ဝါဏိဇ္ဇပဋိပက္ခမှု ကော်မတီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တင်သွင်းသောအယူခံမှုကို အဆုံးအဖြတ်ပေးရန် ပြည်နယ်၊ သို့မဟုတ် တိုင်း ဝါဏိဇ္ဇပဋိပက္ခမှု အယူခံ ကော်မီတီကို ဖွဲ့စည်းပေးခြင်း။

၄၇။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်း လူမှုရေး၊ စီးပွားရေးဆိုင်ရာပြပွဲများ ကျင်းပပြုလုပ်ခွင့်ကို မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က တင်ပြတောင်းခံလျှင် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခွင့်ပြုနိုင်သည်။

၄၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီရုံးဝန်ထမ်းများ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုင်ရာ ဦးစီးဌာနများ (ဝန်ကြီးအဖွဲ့အောက်ရှိ ဦးစီးဌာနများ)ရှိ ဝန်ထမ်းများ၏ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များ နှင့်အညီ လုပ်ပိုင်ခွင့် ရှိသည်။

၄၉။ အလုပ်အမှုဆောင်အဖွဲ့သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရှိ ဝန်ထမ်းများ၏ဝန်ထမ်းရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြား ချက်များနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်။

၅၀။ အလုပ်အမှုဆောင်အဖွဲ့သည် တရားရေး ဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများနှင့် စာရင်းဝန်ထမ်းများ ၏အထွေထွေစည်းကမ်း သေဝပ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

၅၁။ အလုပ်အမှုဆောင်အဖွဲ့သည် တပ်မတော်၏စစ်ရေးကိစ္စရပ်များကို ကြီးကြပ်လမ်းညွှန်ခွင့်မရှိ။ နယ်မြေအတွင်းရှိ တပ်ဖွဲ့အသီးသီးမှ တပ်ဖွဲ့ဝင်များ၏ အထွေထွေစည်းကမ်းသေဝပ်ရေးအတွက် သက်ဆိုင်ရာ တပ်မတော်အကြီးအကဲများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။ လိုအပ်သော အကူအညီများ ကို ဒေသရှိ တပ်မတော်အကြီးအကဲများထံမှ တောင်းခံနိုင်သည်။ ဒေသရှိတပ်မတော် အကြီးအကဲများက တောင်းခံသည့် အကူအညီကို ပေးနိုင်သည်။ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့နှင့် ဒေသရှိ တပ်မတော်အကြီးအကဲများ ညှိနှိုင်းဆောင်ရွက်ရာ၌ ပြည်နယ်၊ သို့မဟုတ် တိုင်း အဆင့်တွင် မပြီးပြတ်သောကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြခွင့်ရှိသည်။

၅၂။ အလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုအဆင့်မှ တိုက်ရိုက်တာဝန်ယူကွပ်ကဲသော ဦးစီးဌာနများ၏ ဝန်ထမ်းများနှင့် ဗဟိုအဆင့်အဖွဲ့အစည်းများမှ အခါအားလျော်စွာ အထူးကိစ္စရပ်များဆောင်ရွက်ရန် မိမိဒေသသို့ ယာယီစေလွှတ်သော ဝန်ထမ်းများအား အထွေထွေစည်းကမ်းသေဝပ်ရေးမှအပ အခြားနည်း အားဖြင့် ကွပ်ကဲခြင်း၊ ညွှန်ကြား ခြင်းမပြုရ။

၅၃။ အလုပ်အမှုဆောင်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အထူးလုံခြုံရေးကိစ္စများအတွက် ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံ အထူးသတ်မှတ်ထားသောလုပ်ငန်းများဆိုင်ရာ စီမံကိန်းများနှင့် ယင်းစီမံကိန်းများ အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ ညှိနှိုင်းခြင်း၊ စာရင်းတောင်းခံခြင်းမပြုရ။

၅၄။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ ဦးစီးဌာနများ (ဝန်ကြီးအဖွဲ့အောက်ရှိ ဦးစီးဌာနများ)၏ ပြည်နယ်၊ သို့မဟုတ် တိုင်းအဆင့်ဝန်ထမ်းအကြီးအကဲများတွင်ရှိသော လုပ်ပိုင်ခွင့်များအားလုံးသည် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၌ရှိသည်။

Myanmar Law Information System (MLIS)

## အပိုင်း ၃

## မြို့နယ်ပြည်သူ့ကောင်စီများ

### အခန်း (၁)

### မြို့နယ်ပြည်သူ့ကောင်စီ

၅၅။ မြို့နယ်ပြည်သူ့ကောင်စီ အဖွဲ့အစည်းများကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက်ဖွဲ့စည်းထားသည့် အားလျော်စွာ ယင်းအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်သူ့ကောင်စီ ဥပဒေ ပုဒ်မ ၈၆၊ ၈၇ နှင့် ၈၈ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီတွင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) ပြည်သူ့ကောင်စီအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့၏ ဆုံးဖြတ်ချက်၊ ပြဋ္ဌာန်းချက်၊ လမ်းညွှန်ချက်များကို တာဝန်ခံ၍ လိုက်နာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ အဖွဲ့အစည်း၏ အဖွဲ့ဝင်တဦးချင်းအလိုက်ဖြစ်စေ ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ တာဝန်မှ ရုပ်သိမ်းခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်း၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အလုပ်အမှုဆောင်အဖွဲ့က လိုက်နာရမည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

(င) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးမှုကို မထိခိုက်စေပဲ တရားသူကြီးအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ယေဘုယျသုံးသပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(စ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ယေဘုယျသုံးသပ်ခြင်း၊ လမ်းညွှန် ခြင်း။

### အခန်း (၂)

### မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့

၅၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ ဦးစီးဌာနများ (ဝန်ကြီးအဖွဲ့ အောက်ရှိ ဦးစီးဌာနများ)၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြို့နယ်အဆင့်ဦးစီးဌာန အကြီးအကဲ များအား အောက်ပါအတိုင်း ဆောင်ရွက်စေရမည်-

(က) ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများအရလည်းကောင်း၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်များအရလည်းကောင်း အလုပ်အမှုဆောင် အဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ရယူရန် သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်ရှိသော ကိစ္စများကိုတင်ပြ၍ အဆုံးအဖြတ်ရယူစေခြင်း၊

(ခ) ပုဒ်မခွဲ (က) နှင့် အကျုံးမဝင်သော ကိစ္စများကို ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် အကျုံးမဝင်စေကာမူ အလုပ်အမှုဆောင်အဖွဲ့က ညွှန်ကြားလျှင် ယင်းကိစ္စများကို တင်ပြ၍ အဆုံးအဖြတ်ရယူစေခြင်း။

၅၇။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၅၆ အရ ဆောင်ရွက်ရာတွင် အောက်ပါအချက်များနှင့်အညီ ဆုံးဖြတ်ညွှန်ကြားရမည်-

(က) ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အထက်အာဏာပိုင် အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များ ဘောင်အတွင်းမှသာဖြစ်ရမည်၊

(ခ) သက်ဆိုင်ရာ ဦးစီးဌာနအဆင့် လုပ်ပိုင်ခွင့်အတွင်း ကျရောက်သောကိစ္စဖြစ်ရမည်၊

(ဂ) ငွေကြေးကုန်ကျမည့်ကိစ္စဖြစ်ပါက ယင်းအတွက်လုံလောက်သော ရန်ပုံငွေခွင့်ပြုချက်ရှိရမည်၊

(ဃ) အခြေခံဥပဒေ၊ ဤဥပဒေပါ လုပ်ငန်းတာဝန်များအကောင်အထည်ဖော် ဆောင်ရွက်ရေးကို ဦးတည် ၍ အရေးကြီးသည့်ကိစ္စများ၊ မူဝါဒနှင့် သက်ဆိုင်သည့် ကိစ္စများကိုသာ ဆုံးဖြတ်ခြင်း၊ ညွှန်ကြားခြင်း ပြုလုပ်ရမည်။

၅၈။ အလုပ်အမှုဆောင်အဖွဲ့သည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ရှေ့ရှု၍ ကုန်ထုတ်စွမ်းအားစုများ အပြည့်အဝအသုံးချရေး၊ အလေအလွင့်ထိန်းသိမ်းရေး၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် လုပ်ငန်းတခုနှင့်တခုအကြားဖြစ်စေ၊ လုပ်ငန်းတခုအတွင်းဖြစ်စေ၊ ရှေ့နောက် ညီညွတ်မှုရှိစေရေးအတွက် စိစစ်လေ့လာ၍ လိုအပ်သလို အကြံပေးခြင်း၊ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ တင်ပြခြင်း

(ခ) ယင်းလုပ်ငန်းများရှိ ဝန်ထမ်းများ အထွေထွေစည်းကမ်းသေဝပ်ရေးကို ကြီးကြပ်ကွပ်ကဲခြင်း။

၅၉။ အလုပ်အမှုဆောင်အဖွဲ့သည် စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များ၊ သက်ဆိုင်ရာသမဝါယမ အသင်း အဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြို့နယ်အဆင့်ဦးစီးဌာန အကြီးအကဲများအား မြို့နယ် စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများကို ဝန်ကြီးအဖွဲ့နှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီတို့၏ အဆိုပြုချက် ဘောင်အတွင်း ကဏ္ဍအလိုက် တာဝန်ယူရေးဆွဲတင်ပြစေခြင်း၊ ထုတ်လုပ်မှု လုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်း အကြီးအကဲများအား ယင်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို ရေးဆွဲတင်ပြစေခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများနှင့် ဦးစီးဌာနများက ရေးဆွဲတင်ပြသော စီမံ ကိန်းများနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝယ်ယူရေး လုပ်ငန်းများက ရေးဆွဲတင်ပြသော စီမံကိန်းများကို ဝန်ကြီးအဖွဲ့နှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီတို့၏ အဆိုပြုချက်ဘောင်အတွင်း ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြု ခြင်း၊ အတည်ပြုထားသော စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းများကို အနီးကပ်ဆုံး မြို့နယ် ပြည်သူ့ ကောင်စီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ ထုတ်လုပ်မှုလုပ်ငန်း များနှင့် ကုန်သွယ်မှု လုပ်ငန်းများ၏ စီမံကိန်းများပါ လျာထားချက်များကို မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးသို့ သိသာရန်တင်ပြခြင်း၊

Myanmar Law Information System (MLIS)

(ဂ) သက်ဆိုင်ရာစီမံကိန်းနှင့် ရသုံးမှန်းခန့်ခြေငွေစာရင်းများမှ သုံးစွဲမှုများကို မှန်ကန်ထိရောက်စွာ အကျိုးရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ထုတ်လုပ်မှုလုပ်ငန်းများနှင့် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ် အမှုဆောင် အဖွဲ့များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စက်ရုံ အလုပ်ရုံများက လိုအပ်သည့်အလုပ်သမားများ၊ သယ်ယူပို့ ဆောင်ရေးနှင့် ဒေသထွက် ကုန်ကြမ်းပစ္စည်းများ ရရှိရေးအတွက် ရပ်ကွက်နှင့်ကျေးရွာအုပ်စု စီမံကိန်းများနှင့် လည်းကောင်း၊ မြို့နယ်စီမံကိန်းများနှင့် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု များ၏ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းနှင့် မြို့နယ်၏သယ်ယူပို့ဆောင်ရေး စီမံကိန်းများအရ သက်ဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများ၊ သယ်ယူ ပို့ဆောင်ရေးယာဉ်များကို ပြည့်မီအောင် မဖြည့်ဆည်းနိုင်ပါက သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့သို့ တင်ပြ၍ ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(င) လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသော စီးပွားရေးစီမံကိန်းပါ လျာထားချက်များကို ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း၊ တာဝန်ယူအကောင်အထည်ဖော်ခြင်း၊

(စ) တစုံတခုသောအကြောင်းကြောင့် ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတခုအတွက် သတ်မှတ်သော လျာထားချက်အတိုင်း ပြည့်မီအောင်အကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း သက်ဆိုင် ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှု ဆောင်အဖွဲ့က ကျိုးကြောင်း ဖော်ပြလျက် အချိန်မီ တင်ပြလာလျှင်-

(၁) ယင်းအချက်ကို အလေးအနက်လေ့လာစိစစ်ခြင်း၊

(၂) မှန်ကန်ကြောင်းတွေ့ရှိပါက မြို့နယ်အတွက် လျာထားချက်ကိုမထိခိုက်စေပဲ မိမိဒေသအတွင်းရှိ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) အပိုဒ် (၂) အရ ဆောင်ရွက်သော်လည်း လျာထားချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်စွမ်းမရှိလျှင် ကျိုးကြောင်းဖော်ပြ၍ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ အချိန်မီတင်ပြခြင်း။

၆၀။ အလုပ်အမှုဆောင်အဖွဲ့သည် ဘဏ္ဍာရေးကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) မြို့နယ်အဆင့်ဦးစီးဌာနတခုခု၏ သာမန်အသုံးစရိတ်များကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခေါင်းစဉ်ပြောင်းလဲသုံးစွဲရန် ခွင့်ပြုခြင်း၊ ခေါင်းစဉ်သေးတခုခုအောက်မှ ရန်ပုံငွေထပ်မံလိုအပ်၍ ခွင့်ပြု ရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ခ) မြို့နယ်အဆင့်ရုံးနှင့် ဦးစီးဌာနများတွင် ပေါ်ပေါက်ခဲ့သော နိုင်ငံပိုင်ဘဏ္ဍာငွေများ၊ ပစ္စည်းများ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သလိုစုံစမ်းစစ်ဆေးပြီး ဝန်ကြီးအဖွဲ့က အခါအား လျော်စွာ သတ်မှတ်ထားသည့် တန်ဖိုးအထိ စာရင်းမှပယ်ဖျက်ရန် ခွင့်ပြုမိန့်ပေးခြင်း၊ ယင်းတန်ဖိုး ထက်ပိုပါက စုံစမ်းစစ်ဆေးချက်များနှင့်အတူ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့သို့ စာရင်းမှ ပယ်ဖျက်ရန် ထောက်ခံတင်ပြခြင်း၊

Myanmar Law Information System (MLIS)

(ဂ) လုံးဝကောက်ခံမရနိုင်ကြောင်း အတိအကျစုံစမ်းစစ်ဆေးတွေ့ရှိသော အခွန်ငွေများကို ကိစ္စရပ်တခု ချင်း အတွက် ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့်တန်ဖိုးအထိ စာရင်းမှပယ်ဖျက်ရန် သဘောတူ ခွင့်ပြုချက်ပေးခြင်း။

၆၁။ အလုပ်အမှုဆောင်အဖွဲ့သည် ယစ်မျိုးကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ယစ်မျိုးလုပ်ငန်းအားလုံးကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ယစ်မျိုးလိုင်စင်ကို သင့်လျော်သည့်အဖွဲ့၊ သို့မဟုတ် သင့်လျော်သူတဦးအား သတ်မှတ်သည့်ဈေးဖြင့် ထုတ်ပေးခြင်း၊ လေလံ၊ သို့မဟုတ် တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ ယင်းသို့လေလံ၊ သို့မဟုတ် တင်ဒါစနစ်ဖြင့် ရောင်းချသည့်အခါ အမြင့်ဆုံးဈေးပေးသူအား ရောင်းချရန်မသင့်ပဲ အခြားသင့်လျော်သူ တဦးသို့ ရောင်းချရန် သင့်သည်ဟု ယူဆပါက ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့သို့တင်ပြခြင်း၊

(ဂ) ပုံသေနှုန်းထားလိုင်စင်များ အသစ်လဲလှယ်ခွင့်ပြုခြင်း၊

(ဃ) ကျပ် တထောင်ထက်ပိုသော လိုင်စင်များကို အရစ်ကျပေးသွင်းနိုင်ရန် အကြိမ်များသတ်မှတ် ခွင့်ပြုခြင်း၊

(င) လိုင်စင်များကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ ပြန်အပ်ခွင့်ပြုခြင်း၊

(စ) လိုင်စင်သက်တမ်းမစမီ ကြိုတင်၍ ယစ်မျိုးပစ္စည်းများ စုဆောင်းချက်လုပ်ခွင့်ပြုခြင်း၊

(ဆ) ကျေးလက်ဒေသများတွင် ယစ်မျိုးဆိုင်သစ်များ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများ ခေါ်ယူခြင်း၊ ဆိုင်သစ်ဖွင့်လှစ်ရန် သင့် မသင့် သဘောထားမှတ်ချက်နှင့် တကွပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြခြင်း၊

(ဇ) ၃ နှစ်တကြိမ် ယစ်မျိုးအစီအစဉ်နှင့် နှစ်စဉ်ယစ်မျိုးအစီအစဉ်များ ရေးဆွဲ၍ သဘောထား မှတ်ချက် နှင့်တကွ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(ဈ) အထက်မြန်မာနိုင်ငံတွင် ထန်းရည်နှင့်ချက်အရက်ကို တဆိုင်တည်း၌လက်လီရောင်းချခွင့်ပြုရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ည) ယစ်မျိုးဆိုင်နေရာရွေးချယ် သတ်မှတ်ခြင်း၊ ဆိုင်အသီးသီးတွင် စတင်ရောင်းချချိန်နှင့် ဆိုင်ပိတ်ချိန် တို့ကို သတ်မှတ်ပေးခြင်း၊

(ဋ) ယစ်မျိုးနာမည်ပျက် စာရင်းသွင်းသင့်သူအား နာမည်ပျက်စာရင်းတွင် ထည့်သွင်းစေခြင်း၊

(ဌ) ယစ်မျိုးခွန်ပေးသွင်းရန် ပျက်ကွက်သူအားနောင်တွင် လိုင်စင်မပေးရန် အဆုံးအဖြတ်ပေးခြင်း၊

(ဍ) အရစ်ကျ ယစ်မျိုးခွန်ကို တလအထိဆိုင်းငံ့ခွင့်ပြုခြင်း၊ အရစ်ကျယစ်မျိုးခွန်ပေးသွင်းရန် ပျက်ကွက် သူ၏ လိုင်စင်ကို ဖျက်သိမ်းခြင်း၊ အခြားသူအား လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ထုတ်ပေး စေခြင်း၊

(ဎ) အရစ်ကျယစ်မျိုးခွန်ပေးသွင်းရန် ပျက်ကွက်သူအားတလထက်ပို၍ ဆိုင်းငံ့ခွင့်ပြုရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ဏ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ယစ်မျိုးပစ္စည်းများကို ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချ စေခြင်း၊

(တ) တရားဝင်ပါမစ်ရှိသူအား လက်လီရောင်းချခွင့် လိုင်စင်ရရှိသူထံမှ ချက်အရက် တစ်ဆယ့်နှစ်ကွပ်၊ သို့မဟုတ် တည်အရက် နှစ်ဆယ့်လေးကွပ်အထိ ဝယ်ယူကိုင်ဆောင်ခွင့်ပြုခြင်း၊ လက်လီရောင်းချခွင့် လိုင်စင်ရှိသူအား အရက်ဆိုင်သို့ ချက်အရက်နှင့် တည်အရက်လက်ကားရောင်းချခွင့်ပြုခြင်း၊

(ထ) လှော်ဇာရည်၊ တည်အရက်နှင့် ချက်အရက်များကို သတ်မှတ်ပေးသည့်နေရာတွင် ထုတ်လုပ်ခွင့် ပြုခြင်း၊ အနည်းဆုံး ရောင်းဈေးသတ်မှတ်ပေးခြင်းနှင့် ထုတ်လုပ်သည့်နေရာမှ ရောင်းချသည့် နေရာသို့ သယ်ယူသည့်အတွက် အပိုကြေးကောက်ခံစေခြင်း၊

(ဒ) ပေါင်းဖိုလိုင်စင်ရရှိသူအား လက်လီရောင်းချနိုင်သည့်ဆိုင်ခွဲဖွင့်ခွင့်ပြုခြင်း၊

(ဓ) အရက်ချက်ရုံတွင် အချိန်ပိုလုပ်ကိုင်ခွင့်သတ်မှတ်ခွင့်ပြုခြင်း၊

(န) အရက်သိုလှောင်ရုံများ ဖွင့်လှစ်၍ အရက်ထုတ်ပေးရန် အချိန်သတ်မှတ်ပေးခြင်း၊

(ပ) အရက်ကို အရက်ချက်ရုံမှ အရက်ဆိုင်သို့မည်သို့ ပို့ရမည်ကို သတ်မှတ်ခြင်း၊

(ဖ) လိုင်စင်ရသူ၏ အာမခံငွေကို  စည်းကမ်းပျက်သည့်အတွက် သိမ်းယူစေခြင်း၊

(ဗ) ဆေးဝါးထုတ်လုပ်ရန် အသိအမှတ်ပြုထားသော တိုင်းရင်းမြန်မာ ဆေးဆရာများသို့ အရက်ပျံထုတ် ပေးခွင့် ပြုခြင်း၊

(ဘ) နိုင်ငံခြားအရက်ဆိုင်များတွင် အမျိုးသမီးများကို အလုပ် လုပ်ကိုင်ခွင့်ပြုရန် သင့် မသင့် အဆုံး အဖြတ်ပေးခြင်း၊

(မ) ငြိမ်ဝပ်ပိပြားရေးအတွက် လိုအပ်ပါက ယစ်မျိုးဆိုင်ကို ပိတ်ထားရန် ဆုံးဖြတ်ပေးခြင်း၊ ညွှန်ကြား ခြင်း၊

(ယ) ယစ်မျိုးဥပဒေ ကျူးလွန်ရာပါ ပိုင်ရှင်မဲ့ပစ္စည်းများ၊ တိရစ္ဆာန်များ၊ ယာဉ်များကိုသိမ်းယူခြင်း၊ ရောင်းချခြင်း၊ သိမ်းယူရောင်းချ စေခြင်း၊

(ရ) လိုင်စင်ရသူတဦးထံမှ တရားမမှုဖြင့် ပစ္စည်းများ၊ ငွေများကို ဝရမ်းဖမ်းရန် တရားစီရင်ရေးအဖွဲ့က ဇာရီမှုပြုလုပ်သည့်အခါ ယင်းပစ္စည်းများ၊ ငွေများကို ဝရမ်းဖမ်းဆီးခွင့်ပြုရန်သင့် မသင့် အဆုံး အဖြတ် ပေးခြင်း၊

(လ) ယစ်မျိုးခွန် မပြေကျန်ငွေများကို မြေခွန်မပြေကျန်ငွေဖြစ် ဘိသကဲ့သို့ကောက်ခံစေခြင်း၊

(ဝ) ယစ်မျိုးခွန်ကိုဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့်တန်ဖိုးအထိ လွတ်ငြိမ်း ခွင့်ပြု ခြင်း၊

(သ) လုံးဝကောက်ခံ၍ မရနိုင်တော့သော ယစ်မျိုးခွန်ကို ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ် ထားသည့် တန်ဖိုးအထိ စာရင်းမှ ပယ်ဖျက်ခြင်း၊ မှားယွင်း စည်းကြပ်တောင်းခံသော ယစ်မျိုးခွန်ကို အကန့်အသတ်မရှိ စာရင်းမှ ပယ်ဖျက်ခြင်း။

၆၂။ အလုပ်အမှုဆောင်အဖွဲ့သည် ရန်ကုန်ဆိပ်ကမ်းနယ်မြေနှင့် ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသော အခြားဆိပ်ကမ်းနယ်မြေများမှအပ မြို့နယ်အတွင်း အကောက်ခွန် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) အခွန်စည်းကြပ်ကောက်ခံထိုက်သော ကုန်ပစ္စည်းများနှင့် ပိတ်ပင်ထားသော ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို ရှာဖွေအရေးယူရန် ရှာဖွေဝရမ်းထုတ်ပေးခြင်း၊

(ခ) အကောက်ခွန် ဥပဒေများအရ အရေးယူသောအမှုများမှ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခြင်း၊ ငွေဒဏ်တပ်ရိုက်ခြင်း၊ သို့မဟုတ် ပစ္စည်းများ ပြန်လည် ထုတ်ပေးရန် အမိန့်ချမှတ်ခြင်း၊



Myanmar Law Information System (MLIS)

ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ပါက ယင်းပစ္စည်းများ သယ်ဆောင် ရာတွင် အသုံးပြုသည့် ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်မသင့် အမိန့်ချမှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်သောပစ္စည်းများကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့်သင့်လျော်သော ဒဏ်ငွေပေး ဆောင်စေပြီး ရွေးယူခွင့်ပြုခြင်း၊

(ဃ) အကောက်ခွန်ဥပဒေများအရ အရေးယူထားသောရေယာဉ်အား မှုခင်းမပြီးပြတ်သေးမီ ထွက်ခွာ ခြင်း မပြုရန် အမိန့်ချမှတ်ခြင်း၊

(င) တပ်ရိုက်ထားသောဒဏ်ငွေများ၊ တိုးမြှင့်စည်းကြပ်သော အကောက်ခွန်များကြေလည်စွာ ရရှိရေး အတွက် အရေးယူဆောင်ရွက်ခြင်း၊

(စ) ဆိုက်ကပ်ထားသော နိုင်ငံခြားသွားရေယာဉ်ပေါ်သို့ တက်ရောက်ခွင့်၊ ရေယာဉ်ပေါ်မှ ဆင်းခွင့်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဆ) အကောက်ခွန်ဥပဒေများအရ အရေးယူဆဲဖြစ်သော ယာဉ်စသည်တို့ကို အမှုမပြီးပြတ်မီ ကာလ အတွင်း ခိုင်လုံသော ခံဝန်ချုပ်ဖြင့် ပိုင်ရှင်အားခေတ္တပြန်လည်အပ်ထားရန် သင့် မသင့် အဆုံး အဖြတ် ပေးခြင်း၊

(ဇ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးသည့် ပစ္စည်းများအနက် ပျက်စီးလွယ်သော ပစ္စည်းများကို သင့်လျော်သော အစီအစဉ်ဖြင့် ထုခွဲရောင်းချရန် အဆုံးအဖြတ်ပေးခြင်း၊

(ဈ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးနောက် ထုခွဲရန်အခြေအနေသို့ရောက်ရှိနေသော ပစ္စည်းများ အတွက် သက်ဆိုင်ရာဝန်ကြီးဌာန နှင့်ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့တို့က အခြားနည်းဖြင့် ဆောင်ရွက်ရန်ညွှန်ကြားသည့် ပစ္စည်းများမှအပ ကျန်ပစ္စည်းများကို ကုန်သွယ်ရေးကော်ပိုရေးရှင်းများသို့ လွှဲပြောင်းပေးစေခြင်း၊ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်အရ အခြားနည်းဖြင့် ထုခွဲစေခြင်း။

၆၃။ အလုပ်အမှုဆောင်အဖွဲ့သည် တံဆိပ်ခေါင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) တံဆိပ်ခေါင်းအမျိုးမျိုးရောင်းချခွင့်ပြုရန် တံဆိပ်ခေါင်းရောင်းလိုင်စင်ထုတ်ပေးခွင့်၊ လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခွင့်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ခ) စာချုပ်စာတမ်းများတွင် ကပ်ထားသော တံဆိပ်ခေါင်းများသည် ပြည့်စုံလုံလောက်ခြင်းမရှိပါက လိုငွေအတွက် ထပ်မံဖြည့်စွက်ကပ်စေခြင်း၊ သို့မဟုတ် လိုငွေကို ချလန်ဖြင့် ပေးသွင်းစေခြင်း၊ ဒဏ်တပ် ရိုက်ခြင်း၊ ပိုနေပါက ပိုငွေကိုပြန်အမ်းစေခြင်း၊ တံဆိပ်ခေါင်းခွန်မပြေ ကျန်ငွေများရှိပါက ယင်းတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ် ဘိသကဲ့သို့ ကောက်ခံစေခြင်း၊

(ဂ) ပျက်စီး၍ အသုံးမဝင်တော့သည့် တံဆိပ်ခေါင်းများ၏ တန်ဖိုးငွေကို ပြန်အမ်းရန်၊ တံဆိပ်ခေါင်း များအသစ် လဲလှယ်ပေးရန်၊ သို့မဟုတ် သက်သာခွင့်ပြုရန် သင့်မသင့်အမိန့်ချမှတ်ခြင်း၊



Myanmar Law Information System (MLIS)

(ဃ) တရားမမှုတွင် လူမွဲအဖြစ် တရားစွဲဆိုခွင့် ရရှိထားသူကပေးဆောင်ရမည့်ရုံးခွန်ကို ကျပ်နှစ်ရာအထိ ပယ်ဖျက်ခွင့်ပြုခြင်း၊ ကျပ်နှစ်ရာထက်ပိုပါက ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့၏ ခွင့်ပြုချက်ကို ရယူ၍ ပယ်ဖျက်ခွင့်ပြုခြင်း၊

(င) တံဆိပ်ခေါင်းဥပဒေအရ တရားစွဲဆိုသည့် အမှုများတွင်ဆုငွေများပေးရန် အဆုံးအဖြတ်ပေးခြင်း၊

(စ) တံဆိပ်ခေါင်းဥပဒေအရ ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရန်သင့် မသင့် အဆုံးအဖြတ်ပေးခြင်း၊

(ဆ) တံဆိပ်ခေါင်းသိုလှောင်ရုံတွင် တံဆိပ်ခေါင်းများလျော့နည်းခြင်း၊ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း တို့အတွက် လိုအပ်သလို အဆုံးအဖြတ်ပေးခြင်း။

၆၄။ အလုပ်အမှုဆောင်အဖွဲ့သည် ရှိရင်းစွဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခွင့် ရှိသည်။

၆၅။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့မြေ၊ ကျေးရွာမြေစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများဥပဒေနှင့် အကျုံးဝင်သည့်မြေများကို သတ်မှတ်ခြင်း၊

(ခ) မြို့နှင့် ကျေးရွာမြေအသုံးပြုခွင့်များနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဂ) မြို့နှင့် ကျေးရွာမြေများကို ခေတ္တချထားခွင့် (လိုင်စင်) ထုတ်ပေးခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) နိုင်ငံပိုင်မြေပေါ် ကျူးကျော်သူများအား ဖယ်ရှားနှင်ထုတ်ခြင်း၊ ဒဏ်တပ်ရိုက်ခြင်း၊ တရားစွဲဆို စေခြင်း၊

(င) မြို့တွင်းမြေများကို အငှားချထားခြင်း၊ မြေငှားခွန်သတ်မှတ်ခြင်း၊

(စ) မြို့မြေများကို ယာယီလိုင်စင်ထုတ်ပေးခြင်း၊ ငှားရမ်းခသတ်မှတ်ပေးခြင်း၊

(ဆ) ကျေးရွာများအတွင်း မြေများချထားခြင်း၊ ရွာမြေတိုးချဲ့သတ်မှတ်ခြင်း၊ ရွာမြေတိုးချဲ့ရန် မြေ သိမ်းခြင်း၊ ကုန်ကျငွေများကျခံခြင်းနှင့် ကောက်ခံခြင်း၊

(ဇ) လူမှုရေးကိစ္စများနှင့် သာသနာရေးကိစ္စများအတွက် တဧကထက်မပိုသောမြေကို အခွန်လွတ်ဂရန် ထုတ်ပေးခြင်း၊ တဧကထက်ပိုပါက ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊ ဘဒ္ဒသိမ်သမုတ်ရန် မြေဂရန်ထုတ်ပေးရေးအတွက် ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ဈ) နိုင်ငံတော်၏အဖွဲ့အစည်းများအတွက် ရုံးနှင့်ဝန်ထမ်းများနေထိုင်ရေးအတွက် အသုံးပြုရန် သီးခြား သတ်မှတ်ထားသော မြေများအတွင်း လူနေအိမ်ဆောက်လုပ်နေထိုင်ခွင့်ပြုခြင်း၊ အငှားချထားခြင်း၊ စည်းကမ်း သတ်မှတ်ခြင်း၊ ငှားရမ်းခသတ်မှတ်ခြင်း၊

(ည) ဥပဒေအရသတ်မှတ်ထားသော သတ္တုများမှအပ လဲချေး၊ ထုံးကျောက်၊ အုတ်ဖုတ်မြေ တူးဖော်ခွင့် ယာယီလိုင်စင်ထုတ်ပေးခြင်း၊

(ဋ) နိုင်ငံတော်၏အဖွဲ့အစည်းများက အသုံးပြုရန် သီးခြားမြေနေရာ သတ်မှတ်ခြင်း၊

(ဌ) မြစ်ကမ်းသဲသောင်မြေများချထားခြင်း၊

Myanmar Law Information System (MLIS)

(ဉ) မြို့မြေတိုးချဲ့ခြင်း၊

(ဋ) ရေကန်မြေ၊ သုသာန်မြေ သတ်မှတ်ပေးခြင်း၊

(ဌ) ကျေးရွာဘုံမြေသတ်မှတ်ခြင်း၊

(ဍ) ဘိုးဘွားပိုင်မြေ၊ သာသနာ့မြေနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးခြင်း။

**ခြွင်းချက်။** ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များနှင့် မသက်ဆိုင်စေရ။

၆၆။ အလုပ်အမှုဆောင်အဖွဲ့သည် လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ကွဲ နွား စားကျက်မြေအဖြစ် သတ်မှတ်ရန်၊ နုတ်ပယ်ရန်၊ သို့မဟုတ် ပယ်ဖျက်ရန်၊ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ခ) ကွဲ နွား စားကျက်မြေနှင့် ကွဲ နွား လမ်းများသတ်မှတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ကျူးကျော်သူအား အရေးယူခြင်း၊ ဖယ်ရှားခြင်း၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တင်သွင်းသောအယူခံမှုကို စစ်ဆေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊

(ဃ) မြေနုကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်အတွင်း ရပ်ကွက်အချင်းချင်း၊ ကျေးရွာအုပ်စုအချင်းချင်း၊ သို့မဟုတ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအချင်းချင်း အငြင်းပွားမှုကိုစစ်ဆေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊

(င) လယ်ယာမြေများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်သည့်လယ်ယာမြေ နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ကိုပြန်လည်သိမ်းယူရေးအတွက် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) လယ်ယာမြေတွင် စီမံကိန်းဝင်သီးနှံများစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ် ကဲခြင်း၊

(ဆ) မြေပြန့်နှင့်တောင်ပေါ်ဒေသများတွင် သစ်တောကြိုးဝိုင်းပြင်ပရှိ မြေလွတ်မြေရိုင်းများကို လယ်ယာ မြေအဖြစ် ဖော်ထုတ်၍ တိုးချဲ့လုပ်ကိုင်ရန် စီမံခန့်ခွဲခြင်း၊

(ဇ) တောင်ယာလုပ်ကိုင်ရန် မြေသတ်မှတ်ခြင်း၊ တောင်ယာခုတ်ထွင်ခြင်း လုပ်ငန်းကို လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ဈ) ရွာဘုံမြေထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း ၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုမိန့်မရပဲ လယ်ယာမြေပေါ်တွင် ကျူးကျော်ဝင်ရောက်သဖြင့် နှင်ထုတ်ထိုက်သူကို နှင်ထုတ်ရေး၊ ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အဦကို ဖယ်ရှားရေး အတွက် အဆုံးအဖြတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) သမဝါယမလယ်ယာမြေများ ဖော်ထုတ်ရေးအတွက် ဦးဆောင်လမ်းညွှန်ခြင်း။

၆၇။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ မြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့် အကျုံးမ ဝင်ကြောင်း လက်မှတ်ထုတ်ပေးရန် လျှောက်ထားသည့်ကိစ္စများ ကိုအဆုံးအဖြတ်ပေး ပိုင်ခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၆၈။ အလုပ်အမှုဆောင်အဖွဲ့သည် ဆည်မြောင်းတာတမံ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ရန်အဆိုပြုတင်ပြခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းခြေ စာရင်း တွက်ချက်ခြင်းများ ပြုလုပ်ပြီးစီးသည့် ဆည်မြောင်းတာတမံ အသစ်များတည်ဆောက်ရေး အတွက် မြို့နယ် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲတင်ပြခြင်း၊ ယင်းတို့အတွက်ဦးစားပေးအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ခ) နိုင်ငံတော်ကထိန်းသိမ်းရသော ဆည်မြောင်းတာတမံများကို နှစ်စဉ်ပြင်ဆင်ရန် ဦးစားပေးအစီအစဉ် ရေးဆွဲတင်ပြခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းခြင်း၊

(ဂ) ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်သည့်လုပ်ငန်းများနှင့် ယင်းတို့ကို နှစ်စဉ်ပြုပြင် ထိန်းသိမ်းသည့် လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လူထုအပန်းဖြေပန်းခြံများ၊ ပြည်သူပိုင်အဆောက်အဦနှင့် စစ်ဖက်ဆိုင်ရာ အဆောက်အဦများသို့ တူးမြောင်းရေပေးဝေရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြ ခြင်း၊

(င) တူးမြောင်းပတ်ဝန်းကျင်ရှိ မြေများတွင် လယ်ကြားမြောင်းများအတွက် အူကြောင်းများ သတ်မှတ် ပေးခြင်း၊

(စ) လိုအပ်သည့်အခါတွင် တူးမြောင်းရေပေးဝေခြင်းကို ရပ်ဆိုင်းထားခြင်း၊

(ဆ) ခွင့်ပြုချက်မရပဲ တူးမြောင်းရေသွင်းယူခြင်းဖြင့် အကျိုးဖြစ်ထွန်းသော လယ်ကွက်ကိုလုပ်ကိုင်သူ အား အခကြေးငွေပေးဆောင်စေရန် အမိန့်ချမှတ်ခြင်း၊

(ဇ) မြန်မာနိုင်ငံတူးမြောင်းဥပဒေပါ ပြစ်မှုကျူးလွန်သူများအား ဖယ်ရှားရေး၊ တရားစွဲဆိုရေးအတွက် အဆုံး အဖြတ်ပေးခြင်း၊ ညွှန်ကြားခြင်း၊

(ဈ) တာတမံများတည်ဆောက်ခြင်းမပြုရန် ပြဋ္ဌာန်းထားသော ဒေသများတွင် တာတမံတည်ဆောက် သူများအား တရားစွဲဆိုရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊ ညွှန်ကြားခြင်း၊

(ည) ခွင့်ပြုချက်မရရှိပဲ တည်ဆောက်ထားသော၊ သို့မဟုတ် တိုးချဲ့ထားသောတာတမံများကို ပယ်ဖျက် ရန် အချိန်ကာလ သတ်မှတ်ပေးခြင်း၊ ယင်းသို့သတ်မှတ်သည့် အချိန်ကာလအတွင်း ပယ်ဖျက်ခြင်း မပြုပါက ဥပဒေအရ အရေးယူခြင်း၊

(ဋ) တာတမံများမပျက်စီးစေရေးအတွက် အောက်ဖော်ပြပါကိစ္စများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြား ခြင်း-

(၁) တာတမံများပေါ်သို့ ကျွဲ နွား များတက်ရောက်ခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်း၊

(၂) တာတမံများမပျက်စီးစေရန် တာတမံဘက်ဆိုင်ရာ ဝန်ထမ်းများအား စောင့်ရှောက်စေခြင်း၊

(၃) အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများအတွက်လိုအပ်သော လုပ်အားနှင့် ပစ္စည်းကိရိယာများ ရရှိရေး နှင့် ရေကင်းကိစ္စများအတွက် တာတမံတလျှောက်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုလူထုနှင့် ရေကြီးရာသီ မတိုင်မီ ဆွေးနွေးခြင်း၊ လိုအပ်သည့်အလုပ်သမားများ၊ ပစ္စည်းများရရှိရေးအတွက် တာတမံဘက်ဆိုင်ရာ ဝန်ထမ်းများအား ဆောင်ရွက်စေခြင်း၊

(၄) ရေကြီးချိန်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စုနယ်နိမိတ်အတွင်းရှိ တာတမံများမှ ရေစိမ့်ယိုခြင်း၊ တာတမံများ ကွဲအက်နိမ့်ကျခြင်း များကိုတွေ့ရှိပါက တာတမံဘက်ဆိုင်ရာ ဝန်ထမ်းများသို့ချက်ချင်း အကြောင်းကြားခြင်း၊ ရပ်ကွက်နှင့်ကျေးရွာလူထုအားညွှန်ကြား၍ ကာကွယ်မှုများကို ဆောင်ရွက်စေ ခြင်း၊ စိုးရိမ်ရေမှတ်ရောက်ရှိ

ကြောင်း သတင်းရရှိသောအခါ တာတမံတလျှောက်ရှိ ရပ်ကွက်နှင့် ကျေးရွာများအား သတိပေး၍ နေ့ညကင်း စောင့်စေခြင်း၊ တာတမံတွင်စိုးရိမ်ရသော အခြေအနေဖြစ် ပေါ်ပါက အရေးပေါ်လုပ်ငန်း ဆောင်ရွက်နိုင်ရန် ရပ်ကွက်နှင့် ကျေးရွာလူထုထံမှ လုပ်အားရရှိရေးအ တွက် စီမံဆောင်ရွက်ထားရှိစေခြင်း၊

(ဌ) ဆည်မြောင်းတာတမံလုပ်ငန်းများတွင် ကုန်ကျစရိတ်နှုန်းထားများကို ဒေသအလိုက်သတ်မှတ် ပေးခြင်း၊ ပြင်ဆင်ပေးခြင်း၊

(ဍ) နိုင်ငံတော်နှင့် လူထုပူးပေါင်းဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကို လေ့လာစိစစ်၍ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ စီမံချက်များရေးဆွဲတင်ပြခြင်း-

(၁) ကျေးရွာဆည်မြောင်းလုပ်ငန်းများ၊

(၂) ကျေးရွာရေကြောင်းသွားလာမှုနှင့်တာတမံရေစီးရေလာမြောင်းလုပ်ငန်းများ၊

(၃) စီမံကိန်းဝင် သီးနှံစိုက်ပျိုးရေး လုပ်ငန်းအတွက် ရေရရှိရေးလုပ်ငန်းများ၊

(၄) လယ်ယာမြေဖော်ထုတ်ရေးနှင့် ကျေးရွာပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊

(ဎ) ပုဒ်မခွဲ (ဍ) ၌ဖော်ပြထားသည့်လုပ်ငန်းများတွင် လူထုလုပ်အားအပြည့်အဝပါဝင်ရေးကို လှုံ့ဆော်ကွပ် ကဲခြင်း၊

(ဏ) ဆည်မြောင်းတာတမံလုပ်ငန်းများအတွက် လိုအပ်သောသယ်ယူပို့ဆောင်ရေး ယာဉ်များရရှိစေရန် ညှိနှိုင်း စီစဉ်ပေးခြင်း၊ သယ်ယူပို့ဆောင်ခနှုန်းထားများ ညှိနှိုင်းသတ်မှတ်ပေးခြင်း။

၆၉။ အလုပ်အမှုဆောင်အဖွဲ့သည် လယ်ယာလုပ်ငန်းအတွက် သွင်းအားစုများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင် ခွင့်များရှိသည်-

(က) စိုက်ပျိုးရေးစီမံကိန်းများအောင်မြင်ရေးအတွက် လိုအပ်သလိုကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံပိုင်ထွန်စက်များ၊ ရေစုပ်စက်များကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ ခွဲဝေနေရာချထားခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်းများအတွက် စီမံကိန်းနှင့်အညီ လိုအပ်သည့်ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုး စသည်များကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ ခွဲဝေသတ်မှတ်ခြင်း၊ ယင်းတို့ကိုမှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃ) လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲ ခြင်း၊ စီမံခန့်ခွဲခြင်း၊

(င) သမဝါယမအသင်းပိုင် လယ်ထွန်စက်များ၊ ရေစုတ်စက်များကို စနစ်တကျအပြည့်အဝ အသုံးပြုရန် ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(စ) သမဝါယမအသင်း၊ စုပေါင်းလယ်ယာနှင့် တောင်သူလယ်သမားများအား လယ်ထွန်စက်၊ လက်တွန်း ထွန်စက်၊ ရေစုပ်စက်၊ လယ်ယာသုံးပစ္စည်းကိရိယာများ ဖြန့်ဖြူးခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲ ခြင်း၊ ယင်းပစ္စည်း ကိရိယာများရရှိရေးအတွက် စီမံကိန်းတွင်ထည့်သွင်းရေးဆွဲခြင်း၊ သီးခြား အဆိုပြု ချက်များတင်ပြခြင်း၊

(ဆ) လယ်ထွန်စက်၊ ရေစုတ်စက်များအတွက် လိုအပ်မည့်လောင်စာဆီများ၊ အပိုပစ္စည်းများကို စီမံကိန်း တွင် ထည့်သွင်းရေးဆွဲခြင်း၊ သီးခြားအဆိုပြုချက်များ တင်ပြခြင်း။

၇၀။ အလုပ်အမှုဆောင်အဖွဲ့သည် အင်းအိုင်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) အင်းအိုင်လုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အင်းအမျိုးအစားများသတ်မှတ်ခြင်း၊

(ဂ) အင်းအိုင်များ၏ နယ်နိမိတ်သတ်မှတ်ခြင်း၊ အင်းအိုင်မြေပုံများ ပြုလုပ်ထားရှိခြင်း၊

(ဃ) အချို့သောအင်း အိုင်များတွင်ငါးမျှားခြင်းကို ကန့်သတ်ခြင်း၊ သို့မဟုတ် လုံးဝတားမြစ်ခြင်း၊

(င) အင်းအိုင် လုပ်ငန်းနှင့်စပ်လျဉ်းသည့်လုပ်ပိုင်ခွင့်များကို သင့်လျော်သောပုဂ္ဂိုလ်များအားအပ်နှင်း ခြင်း၊

(စ) လေလံဆွဲခွင့်လက်မှတ် ထုတ်ပေးရန်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့် မပြုသင့်သူအားလေလံဆွဲဝယ်ခွင့် မပြုစေခြင်း၊

(ဇ) အင်းအိုင်ဂရန်ချထားခြင်း၊

(ဈ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးခြင်း၊

(ည) အင်းအိုင်များအတွင်း ငါးဖမ်းရာတွင် အသုံးပြုရမည့်ကိရိယာများ၊ နည်းလမ်းများကို သတ်မှတ် ခြင်း၊

(ဋ) ငါးများကို အဆိပ်ခပ်ရာတွင် အသုံးပြုနိုင်သည့်သီးနှံ၊ ဓာတုဗေဒပစ္စည်းများကို လက်ဝယ်ထား ရှိသူအား တရားစွဲဆိုရန်သင့်မသင့် အဆုံးအဖြတ်ပေးခြင်း၊

(ဌ) ငါးရစ်၊ ငါးသန်များဖမ်းဆီးခြင်း၊ ရိုးချောင်းအတွင်းရေစီးရေလာပိတ်ဆို့ခြင်းတို့ကို တားမြစ်ခြင်း၊ လိုက်နာရန် ပျက်ကွက်သူအား တရားစွဲဆိုရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ဍ) ပေးသွင်းရမည့်အင်းခွန်အရစ်ကျငွေနှင့် နေ့ရက်များကို သတ်မှတ်ပေးခြင်း၊

(ဎ) အင်းအိုင်ငှားရမ်းခ မှန်ကန်စွာပေးသွင်းရန် ပျက်ကွက်သူအားငွေဒဏ်တပ်ရိုက်ခြင်း၊

(ဏ) အင်းအိုင်ဂရန်ကို ဖျက်သိမ်းခြင်း၊ ပြန်လည်ရောင်းချခြင်း၊

(တ) အင်းအိုင်ဂရန်ကို တဦးမှတဦးသို့ လွှဲပြောင်းခွင့်ပြုရန် သင့်မသင့် အဆုံးအဖြတ်ပေးခြင်း၊

(ထ) အင်းအိုင်အတွင်းရေကြောင်းပြောင်းလွဲအောင် တူးဖော်စေရန်၊ ပိုမိုနက်ရှိုင်းအောင် တူးဖော်စေရန်၊ သင့်မသင့် အဆုံးအဖြတ်ပေးခြင်း၊ ခွင့်ပြုခြင်း၊

(ဒ) အင်းအိုင်များအတွင်း၊ အမှိုက်၊ မှော်၊ ပေါင်းပင်၊ သစ်ငုတ်များကို ရှင်းလင်းစေခြင်း၊ ရေစီးရေလာ မြောင်းသစ် တူးဖော်စေခြင်း၊ ယင်းသို့ ရှင်းလင်းတူးဖော်ရန် ပျက်ကွက်ပါက အလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူ ရှင်းလင်းတူးဖော်ပြီး ကုန်ကျစရိတ်ကို တာဝန်ရှိသူထံမှ တောင်းခံစေခြင်း၊

(ဓ) ရေမြောင်းတူးခြင်းကြောင့် အင်းရှိရေများကို ခန်းစေသူအား ရေမြောင်းကိုပြန်ဖို့စေခြင်း၊ ယင်းများ၊ တမံများ၊ ငါးဖမ်းကိရိယာများ ပြုလုပ်သုံးစွဲခြင်းအားဖြင့် အင်းတိမ်ကောခြင်းကို ဖြစ်စေပါက ဖယ်ရှားစေခြင်း၊ ပျက်ကွက်ပါက အလုပ်အမှုဆောင်အဖွဲ့က တာဝန်ယူ၍ဆောင်ရွက်ပြီး ကုန်ကျစရိတ်ကို တာဝန်ရှိသူထံမှ တောင်းခံစေခြင်း၊

(န) အင်းအိုင်နယ်နိမိတ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ဖြစ်စေ အငြင်းပွားပါက အဆုံး အဖြတ်ပေးခြင်း၊

(ပ) လိပ်သောင်အဖြစ်သတ်မှတ်ထားသော ဒေသအတွင်းသို့ ဝင်ခွင့်မရသူနှင့် ကျွဲ နွား၊ တိရစ္ဆာန်များ မဝင်စေရန် တားမြစ်ခြင်း၊

(ဖ) အင်းအိုင်နှင့်စပ်လျဉ်း၍ ပေးဆောင်ရန်ကျန်ရှိနေသောအခွန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံစေခြင်း၊

(ဗ) မှားယွင်းစည်းကြပ်သော အင်းခွန်ငွေကို ပယ်ဖျက်ခြင်း၊ ကောက်ခံ၍ မရနိုင်တော့သော အင်းခွန်ငွေကို ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့် တန်ဖိုးအထိ လျော်ပစ်ခြင်း။

၇၁။ အလုပ်အမှုဆောင်အဖွဲ့သည် ကျွဲ နွားများနှင့်ပတ်သက်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ကျွဲ နွားများခိုးယူခြင်း၊ ပြည်ပသို့ခိုးထုတ်ခြင်း၊ စည်းကမ်းမဲ့သတ်ဖြတ်ခြင်းတို့ကို တားဆီးရန် အလို့ငှာ ကျွဲ နွားများသယ်ယူရွှေ့ ပြောင်းခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့တို့၏ လမ်းညွှန်ချက် ဘောင်အတွင်းမှ စနစ်တကျ ကွပ်ကဲ ခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သော စည်းကမ်းချက်များနှင့်အညီ ကျွဲ နွား သတ်ဖြတ်ခွင့် ပါမစ်ထုတ်ပေးခြင်း၊ ထုတ်ပေးစေခြင်း၊

(ဂ) သတ်ဖြတ်ခွင့်ပါမစ်မရှိပဲ ကျွဲ နွား သတ်ဖြတ်သူအားဖြစ်စေ၊ ယင်းသို့သတ်ဖြတ်သော ကျွဲ နွား၏ အသား၊ သားရေစိမ်းကို လက်ဝယ်ထားရှိသူအားဖြစ်စေ ရှာဖွေဖမ်းဆီးအရေးယူစေခြင်း၊

(ဃ) မြို့နယ်အတွင်းဖြစ်စေ၊ မြို့နယ်နှင့်ဆက်စပ်လျက်ရှိသော အခြားမြို့နယ်တွင်ဖြစ်စေ ကူးစက်တတ် သော ကျွဲ နွား ရောဂါကျရောက်ပါက ရောဂါဖြစ်ပွားသည့်ဒေသနှင့် ဆက်စပ်လျက်ရှိသော မြို့နယ်ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များအား အကြောင်းကြား၍ ကျွဲ နွား အသွားအလာကို ကန့်သတ်ရန် အောက်ပါအမိန့်များကို ထုတ်ပြန်ခြင်း-

(၁) သတ်မှတ်ထားသည့်ဒေသအတွင်း တိရစ္ဆာန်များကို တနေရာမှ တနေရာသို့လည်းကောင်း၊ ဒေသ တခုခုကို ဖြတ်သန်း၍လည်းကောင်း မောင်းနှင်၊ ယူဆောင်ခြင်းမရှိစေရေး၊

(၂) ကန့်သတ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာဒေသများတွင် စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ထားသော လမ်းများအတိုင်းသာ မောင်းနှင်ယူဆောင်စေရေး၊

(င) ကျွဲ နွား ထောင်များသတ်မှတ်တည်ထောင်ခြင်း၊ ကျွဲ နွားအစာကျွေးခသတ်မှတ်ခြင်း၊ ကျွဲ နွား ထောင်များကိုယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊ ကျွဲ နွား ထောင်မှူးခန့်အပ်ခြင်း၊ ဒဏ်ငွေနှုန်းများသတ် မှတ်ခြင်း၊ ရွေးသူမရှိသောကျွဲ နွားများကို ရောင်းချစေခြင်း၊ ရောင်းရငွေများကို ဥပဒေနှင့်အညီ စီမံ ခန့်ခွဲခြင်း။

၇၂။ အလုပ်အမှုဆောင်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) နိုင်ငံပိုင်မွေးမြူရေးခြံများ၏ နှစ်စဉ်နှင့်နှစ်ရှည်စီမံကိန်းများကို တင်ပြစေခြင်း၊ ယင်းစီမံကိန်း များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီမံကိန်းများနှင့်လည်းကောင်း၊ မြို့နယ်စီမံကိန်းနှင့်လည်းကောင်း ဆက်စပ်ညှိနှိုင်း ပေးခြင်း၊

(ခ) သမဝါယမ မွေးမြူရေးစီမံကိန်းများကို နိုင်ငံပိုင်မွေးမြူရေးစီမံကိန်း၊ မြို့နယ်စီမံကိန်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီမံကိန်းများ နှင့် ဆက်စပ်ညှိနှိုင်းပေးခြင်း၊



Myanmar Law Information System (MLIS)

(ဂ) သမဝါယမနှင့် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်မည့် ကျွမ်းကျင်မှု၊ မျိုးကောင်း မျိုးသန့်၊ အစားအစာနှင့် ဆေးဝါးများရရှိရေးကို မြို့နယ်မွေးမြူရေးစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း၊ သီးခြား အဆိုပြုချက်များ တင်ပြခြင်း၊ မြို့နယ်အတွင်းညှိနှိုင်းပေးခြင်း၊

(ဃ) တိရစ္ဆာန်များစာရင်းကို နှစ်စဉ်မှန်မှန်ကောက်ယူစေ၍ မွေးမြူရေးစီမံကိန်းများကို မြို့နယ် စီးပွားရေး စီမံကိန်းဘောင်အတွင်း စနစ်တကျရေးဆွဲတင်ပြခြင်း၊

(င) ငါးမွေးကန်များတူးဖော်ရေးအတွက် သင့်လျော်မည့်မြေနေရာများကို သတ်မှတ်ပေးခြင်း၊ လိုအပ် ပါက စိစစ်ချက်များနှင့်တကွ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း။

၇၃။ အလုပ်အမှုဆောင်အဖွဲ့သည် သစ်တောလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) သစ်တောလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) သစ်တောကြေးတိုင်အရာရှိခန့်ထားရန် အဆိုပြုတင်ပြခြင်း၊

(ဂ) သစ်တောကြေးတိုင်အရာရှိ၏ ဆုံးဖြတ်ချက်ကိုမကျေနပ်သဖြင့် တင်သွင်းသော အယူခံမှုကိုစစ်ဆေး ခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊

(ဃ) သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှု ဆောင် အဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(င) တောင်ယာခုတ်ခွင့်မပြုသောဒေသများကြေညာခြင်း၊

(စ) အများပြည်သူအသုံးပြုသောလမ်းများ၏ ဝဲယာပေတစ်ရာအတွင်းရှိ သစ်ပင်များကိုလည်းကောင်း၊ ချောင်းများ၏ ဝဲယာခြောက်ဆယ့် ခြောက်ကိုက်အတွင်းရှိ သစ်ပင်များကိုလည်းကောင်း၊ ကာကွယ်ထား ရှိသင့် သော လမ်းများနှင့် ချောင်းများကို ဖော်ပြ၍ ယင်းသို့ကာကွယ်ထားရှိကြောင်း ကြေညာခြင်း၊

(ဆ) သစ်တောအတွင်းမှ တိရစ္ဆာန်များ၏ သားရေ၊ အစွယ်စသည်တို့ကို ထုတ်ယူခြင်းမပြုရန် တားမြစ်ခြင်း၊

(ဇ) သစ်တောအတွင်းမှ လင်းနို့ချေး ထုတ်ယူခွင့်အတွက် တနှစ်ထက်ပိုသော လိုင်စင်ထုတ်ပေးရန် သဘောထား မှတ်ချက်နှင့်တကွ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ဈ) လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသည့် သစ်တောထွက်ပစ္စည်းများကို လိုင်စင်ထုတ်ပေးရေးအတွက် အဆုံးအဖြတ် ပေးခြင်း၊

(ည) တားမြစ်ထားခြင်းမရှိသောသစ်ကို အခွန်လွတ်လိုင်စင်ထုတ်ပေးရေးအတွက် အဆုံးအဖြတ်ပေး ခြင်း၊

(ဋ) သစ်များရွှေ့ပြောင်းသယ်ယူရာတွင် သူတပါးပစ္စည်းပျက်စီးမှု အတွက်နစ်နာကြေးကို အဆုံးအဖြတ် ပေးခြင်း၊

(ဌ) သစ်မျှောချောင်းများကို အထူးပိတ်ဆို့ခွင့်ပြုရန် သင့်မသင့် အဆုံးအဖြတ်ပေးခြင်း၊

(ဍ) စီးပွားရေးအတွက် ထင်းခုတ်ခွင့်လိုင်စင်ထုတ်ပေးရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ရယူ၍ ခွင့်ပြုခြင်း၊

(ဎ) ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ရယူ၍ ပယ်သစ်များ၊ ကိုင်းဖျား ကိုင်းနားများ ၊ ဆုံပိုင်းများနှင့် ပင်ကြွပ်များကို သမဝါယမအသင်းများအား လည်းကောင်း၊ ပုဂ္ဂလိကအားလည်းကောင်း အခွန်ထမ်းဆောင်စေပြီး ထုတ်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊

Myanmar Law Information System (MLIS)

(ဏ) သစ်တောတွင်းလယ်ယာမြေများအပေါ် အခွန်ကောက်ခံခြင်းကိုကြီးကြပ်ကွပ်ကဲခြင်း၊

(တ) သစ်စက်၊ လွှဝိုင်း၊ ပတ်လွှလိုင်စင် ထုတ်ပေးရေးအတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ထ) အစိုးရသစ်စက်မရှိသော ဒေသများတွင်လက်ဆွဲလွှစင်ကို စိစစ်ခွင့်ပြုခြင်း၊ စစ်ဆေးခြင်း။

၇၄။ အလုပ်အမှုဆောင်အဖွဲ့သည် ရေနံနှင့်ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် စပ်လျဉ်း၍ သမဝါယ အသင်းများ၊ ပုဂ္ဂလိကများအပေါ် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ဘေးအန္တရာယ်များသော ရေနံနှင့်ဘေးအန္တရာယ်နည်းသော ရေနံကို ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့က သတ်မှတ်ပေးသော ပမာဏအထိ သိုလှောင်ရန်ခွင့်ပြုခြင်း၊

(ခ) ဘေးအန္တရာယ်များသော ရေနံနှင့်ဘေးအန္တရာယ်နည်းသော ရေနံသိုလှောင်မှုကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ  သိုလှောင်ရန်ခွင့်ပြုခြင်း၊ သိုလှောင်မှုကိုစစ်ဆေးခြင်း၊ ကြီးကြပ်ကွပ် ကဲခြင်း၊

(ဃ) ဓာတ်ငွေ့ဗူးများ သိုလှောင်ခြင်းနှင့် အသုံးပြုခြင်းကို ကြီးကြပ်ကွပ်ကဲခြင်း။

၇၅။ အလုပ်အမှုဆောင်အဖွဲ့သည် သတ္တုတူးဖော်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ယေဘုယျကြီး ကြပ်ခြင်း၊ ပိဿာစား သတ္တုတူးဖော်ခြင်းများနှင့် စပ်လျဉ်း၍ စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြား ချက်များနှင့်အညီ လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ခြင်း များပြုလုပ်ပိုင်ခွင့်ရှိသည်။

၇၆။ အလုပ်အမှုဆောင်အဖွဲ့သည် လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) လျှပ်စစ်မီတာများ ဖြန့်ဖြူးရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊

(ခ) လျှပ်စစ်ဓာတ်မီးကြိုးများ တပ်ဆင်ရခြင်းကြောင့် ခုတ်ဖြတ်ရသောပုဂ္ဂလိကပိုင် သစ်ပင်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီလျော်ကြေး များသတ်မှတ်ပေးခြင်း၊

(ဂ) မဟာဓာတ်အားလိုင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသည့်ဓာတ်အားလိုင်းများအောက်တွင် လိုင်းကြိုးများကို ထိခိုက်စေမည့် သစ်ပင်ကြီးများစိုက်ပျိုးခြင်းမပြုရန်လည်းကောင်း၊ လူနေအိမ်နှင့် အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်းမပြုရန်လည်းကောင်း တားမြစ်ခြင်း၊

(ဃ) မီးထွန်းပွဲတော်များ၊ အခြားပွဲလမ်းသဘင်များအတွက် လျှပ်စစ်မီးသွယ်ခြင်း၊ မီးထွန်းညှိခြင်းများ ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လျှပ်စစ်ဓာတ်အားမီတာခများ စနစ်တကျကောက်ခံရေးကိုကြီးကြပ်ကွပ်ကဲခြင်း။

၇၇။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဂ္ဂလိကလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင် ခွင့်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်းလုပ်ပိုင်ခွင့်ရှိသည်။

၇၈။ အလုပ်အမှုဆောင်အဖွဲ့သည် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့် များရှိသည် -

(က) လမ်းသစ်များဖောက်လုပ်ရေး၊ တံတားသစ်များဆောက်လုပ်ရေးအတွက် ဦးစားပေးအစီအစဉ်များ ကို မြို့နယ်စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်း၊

(ခ) လမ်းဟောင်းများ၊ တံတားဟောင်းများပြုပြင်ထိန်းသိမ်းရေးအတွက် ဦးစားပေးအစီအစဉ်များကို မြို့နယ်ရသုံးခန့်မှန်းခြေငွေစာရင်း တွင်ထည့်သွင်းရေးဆွဲခြင်း၊

(ဂ) လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားသစ်များ ဆောက်လုပ်ခြင်း၊ လမ်းဟောင်းနှင့် တံတား ဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်သူ့ကောင်စီရုံးများ၊ ဦးစီးဌာနများပိုင် အဆောက်အဦများ၊ လေယာဉ်ကွင်းများ တည်ဆောက် ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းအတွက် မြို့နယ်စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေး ဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၇၉။ အလုပ်အမှုဆောင်အဖွဲ့သည် အိုးအိမ်ဦးစီးဌာန လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့် များရှိသည်-

(က) အိမ်ခန်းများချထားခြင်း၊

(ခ) နိုင်ငံပိုင်အိမ်ဥပစာမှနှင်ထုတ်ခြင်း၊

(ဂ) နိုင်ငံပိုင်အိမ်ဥပစာမှ နှင်ထုတ်ခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရန် သင့်မသင့် အဆုံးအဖြတ်ပေးခြင်း၊

(ဃ) မြို့ပြငှားရမ်းခ ကြီးကြပ်ရေးဥပဒေနှင့် အကျုံးဝင်သောဒေသများတွင် ကြီးကြပ်ရေးဝန်၏ လုပ်ပိုင် ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊ သို့မဟုတ် ပြည်သူ့ကောင်စီဝင်များ ပါဝင်သောအဖွဲ့ ဖွဲ့စည်းပေး၍ ကျင့်သုံးဆောင်ရွက်စေခြင်း။

**ခြွင်းချက်။** ပုဒ်မခွဲ (က) နှင့် (ခ) ပါပြဋ္ဌာန်းချက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ မြို့နယ်များနှင့် မသက်ဆိုင်စေရ။

၈ဝ။ အလုပ်အမှုဆောင်အဖွဲ့သည် လိပ်သဲကျောက်၊ စကျင်ကျောက်၊ ထုံးကျောက်၊ ကန့်ကူဆံကျောက်၊ ကျောက်မာနှင့် ကျောက်စရစ်များထုတ်လုပ်ရန် ၃ နှစ်ထက်မများသော ကာလအတွက် လိုင်စင် ထုတ် ပေးရန် အဆုံးအဖြတ်ပေး ပိုင်ခွင့်ရှိသည်။ မြေဖြူ မြေစေးတူးဖော်ရန် တနှစ်ထက် မများသော ကာလ အတွက် လိုင်စင်ထုတ်ပေးရန် အဆုံး အဖြတ်ပေးပိုင်ခွင့်ရှိသည်။

၈၁။ အလုပ်အမှုဆောင်အဖွဲ့သည် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်-

(က) ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောဥပဒေအရ ပြည်တွင်းပြေးဆွဲလျက်ရှိသော စက်တပ်ရေ ယာဉ်များအား ဥပဒေ၊ စည်းကမ်းများနှင့်ညီညွတ်ခြင်းရှိ မရှိ စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း၊ စည်းကမ်း ပျက်ရေယာဉ်များအား လိုအပ်သလိုအရေးယူစေခြင်း၊

(ခ) စက်ရေယာဉ်များ၊ ပွဲချိပ်စက်ကိုအသုံးပြုသော စက်လှေများအား ပုဂ္ဂလိကလုပ်ငန်းပိုင်ခွင့်ဥပဒေ၊ ပုဂ္ဂလိက လုပ်ငန်းလုပ်ပိုင်ခွင့် စည်းမျဉ်းများတို့တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း မှတ်ပုံတင် ခွင့်ပြုခြင်း၊ ကြီးကြပ် ခြင်း၊

(ဂ) အချိန်ပိုင်းမိုးလေဝသစခန်းနေရာများကို လိုအပ်သလိုရွေးချယ်ခြင်း၊ လိုအပ်ပါက စခန်းနေရာ ပြောင်းရွှေ့ စေခြင်း၊

(ဃ) အချိန်ပိုင်း မိုးလေဝသစခန်းများတွင် လိုအပ်သောအချိန်ပိုင်း တိုင်းတာရေးမှူးများကို ခန့်ထား ခြင်း၊ အရေး ယူခြင်း၊ ရပ်စဲခြင်း၊

(င) အချိန်ပိုင်း မိုးလေဝသစခန်းများ မှတ်တမ်းများကို မှန်မှန်ပေးပို့စေခြင်း၊

(စ) ကြေးနန်းလိုင်းများ တပ်ဆင်ရခြင်းကြောင့် ခုတ်ဖြတ်ရသော ပုဂ္ဂလိကပိုင်သစ်ပင်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ လျော်ကြေးများသတ်မှတ်ပေးခြင်း၊

(ဆ) ချောလမ်းများတွင် ကန်ထရိုက်စနစ်ဖြင့် ချောသယ်ယူပို့ဆောင်ရန်တင်ဒါများကို ခေါ်ယူခြင်း၊ ရွေးချယ် ခြင်း၊

(ဇ) လေယာဉ်လက်မှတ်ရောင်းကိုယ်စားလှယ်များ ခန့်ထားရန်ရှိပါက သင့်လျော်သူများ ကိုရွေးချယ်ပေး ခြင်း၊

(ဈ) ဒေသဆိုင်ရာစီမံကိန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် သယ်ယူပို့ဆောင်ရေး လုပ် ငန်းများ ပြေလည်ချောမွေ့စေရေးအတွက် သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် အငှားယာဉ်များကို လိုအပ် သလို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ည) ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများတွင် မသမာမှုများမဖြစ်ပေါ်စေရန်လည်းကောင်း၊ ယာဉ်များ အချိန်မှန် ဝင်ထွက်နိုင်စေရန် လည်းကောင်း၊ ယာဉ်များကို ဥပဒေနှင့်ဆန့်ကျင်သော လုပ်ငန်းများတွင် အသုံးမပြုနိုင်စေရန် လည်းကောင်း၊ ယာဉ်များ၊ ခရီးသည်များ၏လုံခြုံရေးအတွက်လည်းကောင်း၊ ချော စာ၊ ချောထုပ်၊ ငွေပို့လွှာ၊ ငွေလွှဲစာ၊ သံကြိုးစာများကြန့်ကြာခြင်း၊ ပျောက်ဆုံးခြင်း မရှိစေရန် လည်း ကောင်း လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) ပစ္စည်းသယ်ယူပို့ဆောင်ရေးနှင့် ပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန် လိုအပ်သလိုကြီး ကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း၊ ယင်းသို့ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်းကို ခံယူရန် ငြင်းဆန် သော၊ သို့မဟုတ် လုံလောက်သော အကြောင်းမရှိပဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော တာဝန်ရှိ ဝန်ထမ်းများအား လိုအပ်သလိုအရေးယူရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့သို့ တင်ပြခြင်း။

၈၂။ အလုပ်အမှုဆောင်အဖွဲ့သည် သမဝါယမအသင်းများနှင့်စပ်လျဉ်း၍ သမဝါယမဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း လုပ်ပိုင်ခွင့်ရှိသည်။

၈၃။ အလုပ်အမှုဆောင်အဖွဲ့သည် ကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) ပြည်သူများအားရောင်းချရန် ကုန်ပစ္စည်းများမှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့တို့၏ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန် ခြင်း၊

(ခ) ပြည်သူများထံမှ သီးနှံများ ရေထွက်ပစ္စည်းများနှင့် အခြားပစ္စည်းများ ဝယ်ယူသည့်လုပ်ငန်းတွင် အဝယ်ဒိုင်ဖွင့်လှစ်ရန် နေရာရွေးချယ်သတ်မှတ်ခြင်း၊ အဝယ်ဒိုင်တွင် စနစ်တကျရှိစေရန် စီမံခြင်း၊ သယ်ယူပို့ ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီး ဌာနနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့တို့၏ညွှန်ကြားချက် များနှင့် အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း ယင်းသို့ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်းကို ခံယူရန် ငြင်းဆန် သော၊ သို့မဟုတ် လုံလောက်သော အကြောင်းမရှိပဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော တာဝန်ရှိဝန်ထမ်းများအား လိုအပ်သလို အရေးယူရန်ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြခြင်း။

၈၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပညာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

Myanmar Law Information System (MLIS)

(က) မူလတန်းကျောင်းများ၏စီမံခန့်ခွဲရေးနှင့် စစ်ဆေးရေးလုပ်ငန်းများကို ယေဘုယျကြီးကြပ် ကွပ်ကဲ ခြင်း၊

(ခ) မူလတန်းကျောင်းများဖွင့်လှစ်ရန် ဦးစားပေးအစီအစဉ်ကိုသတ်မှတ်၍ အဆိုပြုတင်ပြခြင်း၊

(ဂ) မြို့နယ်အတွက် ဖွင့်လှစ်ခွင့်ရရှိသော မူလတန်းကျောင်းသစ်များကို ဦးစားပေးအစီအစဉ်အရ ဖွင့်လှစ်ခြင်း၊

(ဃ) တွဲဖက်မူလတန်းကျောင်းများကို စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပြုခြင်း၊

(င) ကျူရှင်သင်တန်းများဖွင့်လှစ်ခြင်း၊ စည်းကမ်းနှင့်မညီညွတ်သောကျူရှင်သင်တန်းများ ပိတ်ခြင်း တို့ကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(စ) ဖွင့်လှစ်ထားသော မူလတန်းကျောင်းများကို ပူးပေါင်းရန်၊ ပြောင်းရွှေ့ရန်၊ သို့မဟုတ် ဖျက်သိမ်းရန် ရှိပါက ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်တင်ပြ၍ ယင်း၏ သဘောတူညီချက် ဖြင့်ဆောင်ရွက်ခြင်း၊

(ဆ) အလယ်တန်းနှင့် အထက်တန်းကျောင်းများဖွင့်လှစ်ရန်၊ ပူပေါင်းရန်၊ ပြောင်းရွှေ့ရန်၊ သို့မဟုတ် ဖျက်သိမ်းရန်လိုအပ်ပါက စိစစ်၍ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း

(ဇ) ဆရာအတတ်သင် သိပ္ပံတွင် မူလတန်းနှင့် အလယ်တန်းဆရာဖြစ် သင်တန်းတက်ရောက်ရန် သင်တန်းသားများ ရွေးချယ်ခြင်း၊

(ဈ) မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် ဆရာအတတ်သင်သိပ္ပံများတွင် ပညာသင်ထောက်ပံ့ကြေး ရသင့်သူများအား စိစစ်ရွေးချယ်ခြင်း၊

(ည) မူလတန်းကျောင်းများအတွက် ပရိဘောဂများ ပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ကြီးကြပ် ကွပ်ကဲ ခြင်း၊

(ဋ) မြို့နယ်အတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံများနှင့် အခြားပညာရေးလုပ်ငန်းများတွင် အထွေထွေစည်းကမ်း သေဝပ်ရေးကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဌ) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ပညာသင်ကြားနေသော ကျောင်းသူ ကျောင်းသားများ၏ ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာများကို စိစစ်၍ ထောက်ခံ၊ မထောက်ခံသဘောထား မှတ်ချက်နှင့် တကွ သက်ဆိုင်ရာသို့ပေးပို့ခြင်း၊

(ဍ) နိုင်ငံရေးဆန့်ကျင်လှုပ်ရှားမှုကြောင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ပညာသင်ကြားခွင့် ယာယီရပ်ဆိုင်း ထားခြင်းခံရသော ကျောင်းသူ ကျောင်းသားများ၏ ပညာသင်ကြားခွင့်ပြန်လည် ရရှိရေး နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတို့က သဘောထားမှတ်ချက် တောင်းခံ လာလျှင် သဘောထား မှတ်ချက် ပေးခြင်း။

၈၅။ အလုပ်အမှုဆောင်အဖွဲ့သည် ကျန်းမာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ဆေးရုံ၊ ဒေသန္တရဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများ၏ လုပ်ငန်းများကို ယေဘုယျ ကြီးကြပ်ကွပ်ကဲခြင်း၊



Myanmar Law Information System (MLIS)

(ခ) ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ အစားအသောက်နှင့်ဆေးဝါးများ၊ အများပြည်သူ အသုံးပြုရန် ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ကူးစက်တတ်သော ရောဂါကာကွယ်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဥပဒေနှင့်အညီ လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်း၊

(ဂ) မိခင်နှင့် ကလေးကျန်းမာရေးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ တိုင်းရင်းဆေးခန်းများ၊ ကျေးလက် ကျန်းမာရေးဌာနများ ဖွင့်လှစ်သင့်သော ကျေးရွာများနှင့် စပ်လျဉ်း၍ ဦးစားပေးအစီအစဉ် ရေးဆွဲခြင်း၊ တင်ပြ ခြင်း၊

(ဃ) ဆေးရုံ၊ ဒေသန္တရဆေးပေးခန်း ဖွင့်လှစ်ရေးအတွက် ဦးစားပေးအစီအစဉ်ရေးဆွဲခြင်း၊ တင်ပြခြင်း၊

(င) သားဖွားဆရာမသင်တန်းနှင့် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သည့်သင်တန်းများအတွက် သင်တန်း သားများကို သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ ရွေးချယ် တင်ပြခြင်း၊

(စ) မြို့နယ် မူးယစ်ဆေးဝါးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးအဖွဲ့များကို ညွှန်ကြားချက်များ နှင့်အညီ ဖွဲ့စည်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၈၆။ အလုပ်အမှုဆောင်အဖွဲ့သည် လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) စေတနာ့ဝန်ထမ်းဂေဟာများ၊ နေ့ကလေးထိန်း ကျောင်းများ၊ မူလတန်းကြိုကျောင်းများ၊ လူငယ့် ရိပ်သာများအား နိုင်ငံတော်မှ ထောက်ပံ့ကြေးပေးရန် သင့်မသင့်စိစစ်၍ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊ ယင်းတို့ကို ယေဘုယျကြီးကြပ် ကွပ်ကဲ ခြင်း၊

(ခ) သုံးမွှာပူးနှင့်အထက် မွေးဖွားသူများအား စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက် များနှင့် အညီ ထောက်ပံ့ကြေး ထုတ်ပေးစေခြင်း၊

(ဂ) သဘာဝဘေးဒုက္ခတွေ့ကြုံလာလျှင်သော်လည်းကောင်း၊ သောင်းကျန်းသူဘေးရန်ကြောင့် နေရပ်မှ ထွက်ပြေး တိမ်းရှောင်လာသူ များအတွက်သော်လည်းကောင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ ရေးလုပ်ငန်းများကို ဆောလျင်စွာဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်ရန်ပုံငွေကို တွက်ချက်၍ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြတောင်းခံရယူခြင်း၊

(ဃ) ငတ်မွတ်ခေါင်းပါးဘေးကြုံလာသည့်အခါ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင် ရွက်ပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများဖြင့် ယင်းပြဿနာကိုဖြေရှင်းပေးခြင်း၊

(င) မြစ်နှင့် ပင်လယ်ရေမျောဒုက္ခသည်များအား သတ်မှတ်ထားသောနှုန်းထားအတိုင်း ကယ်ဆယ်ရေး ပစ္စည်းများနှင့် စရိတ်များထောက်ပံ့၍ နေရင်းဒေသသို့ ပြန်ပို့ခြင်း။

၈၇။ အလုပ်အမှုဆောင်အဖွဲ့သည် ယဉ်ကျေးမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ် ပိုင်ခွင့်များ ရှိသည်-

(က) အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများတွင် သမိုင်းဝင်ပုဂ္ဂိုလ်၏ အထိမ်းအမှတ်အဖြစ် အဆောက်အဦ၊ ကြေးရုပ်၊ ကျောက်ရုပ်၊ ကျောက်တိုင်၊ သို့မဟုတ် ပန်းခြံတည်ဆောက်ရေးအတွက် စိစစ်၍ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊ ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်မရပဲ တည်ဆောက်ခြင်းများကို တားမြစ်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) ၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိခဲ့သော ရှေးဟောင်းအဆောက်အဦများကို ခွင့်ပြုချက်မရပဲ ပြုပြင် ခြင်း၊ ဖျက်ဆီးခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ကို တားမြစ်ခြင်း၊ အရေးယူခြင်း၊

(ဂ) ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်မရပဲ ရှေးဟောင်းပစ္စည်းများတူးဖော်ရှာဖွေခြင်းကို တားမြစ်ခြင်း၊ အရေး ယူခြင်း၊

(ဃ) ရှေးဟောင်းပစ္စည်းများ ပြည်ပသို့ထုတ်ယူခြင်းကို တားမြစ်ခြင်း၊ အရေးယူခြင်း၊

(င) ရှေးဟောင်းပစ္စည်းများ၊ သမိုင်းဝင်ပစ္စည်းများ ပေါ်ပေါက်တွေ့ရှိသည့်အခါ ယာယီထိန်းသိမ်းထား ခြင်း၊ ယင်းပစ္စည်းများကို တန်ဖိုးငွေ၊ ဆုငွေပေး၍ ဝယ်ယူနိုင်ရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှတဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(စ) တိုင်းရင်းသားလူမျိုးများ၏စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် စောင့်ထိန်းအပ်သော ထုံးတမ်း ဓလေ့များ တိုးတက်ထွန်းကားခိုင်မာစေရန် ဖော်ထုတ်ရေးအတွက်ကြီးကြပ်ခြင်း၊ လမ်းညွှန် ခြင်း။

၈၈။ အလုပ်အမှုဆောင်အဖွဲ့သည် ပြန်ကြားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့် များရှိသည်-

(က) ဥပဒေနှင့် ညီညွတ်သောစာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲများနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်ပေးခြင်း၊ ဥပဒေနှင့်ဆန့်ကျင်၍ ဖွင့်လှစ်ထားသော စာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲများကိုပိတ်ခြင်း၊ ဝင်ရောက်စစ် ဆေးရန် ဝရမ်းထုတ်ပေးခြင်း၊ ယင်းစာကြည့်တိုက်၊ ပြတိုက်၊ ပြပွဲများတွင် တွေ့ရှိရသော စာပေနှင့် အခြားပစ္စည်းများကို သိမ်းယူစေခြင်း၊ ဖျက်ဆီးစေခြင်း၊

(ခ) စည်းကမ်းနှင့် ညီညွတ်သော ရုပ်ရှင်ရုံများကို စိစစ်၍ လိုင်စင်လဲလှယ်ရန် အဆုံးအဖြတ်ပေးခြင်း၊

(ဂ) ထူးခြားသောနေ့ကြီးရက်ကြီးများ၊ ဘာသာရေးပွဲတော်များတွင် ယာယီရုံဆောက်လုပ်၍ဖြစ်စေ၊ လေဟာပြင်တွင်ဖြစ်စေ ရုပ်ရှင်ပြသရန် ယာယီလိုင်စင်ထုတ်ပေးရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ပြည်သူပိုင်ရုပ်ရှင်ရုံမရှိသော ဒေသများတွင် ရုပ်ရှင်ရုံသစ်ဆောက်လုပ်ရန် လျှောက်ထားပါက စိစစ်၍ ဝန်ကြီးအဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုင်စင်ထုတ်ပေးရန် အဆုံး အဖြတ်ပေးခြင်း၊

(င) သတင်းထောက်ခန့်ထားရေးနှင့် စပ်လျဉ်း၍ စိစစ်ထောက်ခံတင်ပြခြင်း။

၈၉။ အလုပ်အမှုဆောင်အဖွဲ့သည် မှုခင်းကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ပြစ်မှုတခုသည် ဥပဒေတခု၊ သို့မဟုတ် ပုဒ်မတခုထက်ပို၍ အကျုံးဝင်ပါကမည်သည့်ဥပဒေ၊ မည်သည့် ပုဒ်မဖြင့်တရားစွဲဆိုရမည်ကို အဆုံးအဖြတ်ပေးခြင်း၊ နိုင်ငံတော်အတွက်အရေးကြီးသော ပြစ်မှုတခုသည် ဥပဒေတစ်ခု၊ သို့မဟုတ် ပုဒ်မတခုထက်ပို၍ အကျုံးဝင်ပါက မည်သည့်ဥပဒေ၊ မည်သည့် ပုဒ်မဖြင့် တရားစွဲဆိုသင့်သည်ကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်း၊

(ခ) လူသတ်မှု၊ ဓမြမှု၊ လုယက်မှု၊ လူပြန်ပေးမှု၊ ဖောက်ထွင်းမှု၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လားစသည့် စီးပွားရေးအတွက် အထောက်အကူပြုသော တိရစ္ဆာန်ခိုးမှု၊ မုဒိန်းမှု၊ နိုင်ငံတော်သစ္စာ ဖောက်ဖျက် ပုန်ကန်မှု၊ နိုင်ငံပိုင်လက်နက်ခဲယမ်းမီးကျောက် ခိုးမှုနှင့် စစ်သုံးလက်နက်များကို တိုင်းပြည်သစ္စာ ဖောက်ရန် ရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားရှိမှုနှင့် မတရားအသင်းများအား ကူညီအားပေးမှု၊ အသင်း ဝင်ဖြစ်မှုတို့မှအပ ကျန်ပြစ်မှု များတွင် တရားရုံးသို့စွဲဆိုတင်ပို့ခြင်း မပြုနိုင်သည့်အတွက် အမှုပိတ်ရန် ပြည်သူ့ရဲ၏ တင်ပြချက်အပေါ် အဆုံး အဖြတ်ပေးခြင်း၊



Myanmar Law Information System (MLIS)

(ဂ) အမှုပိတ်ရန် သဘောတူညီချက်ပေးခွင့်မရှိသော ပုဒ်မခွဲ (ခ) ပါ ပြစ်မှုကြီးများအတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့သို့ ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြ၍ အဆုံး အဖြတ်ရယူခြင်း၊

(ဃ) လုံခြုံရေးနှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့်အဖွဲ့အစည်းများ၊ အဖျက်လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်ရေးအတွက် ကြိုးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(င) တရားရုံးသို့ စွဲဆိုတင်ပို့သော အမှုတခုတွင် တရားရုံးမှ စွဲချက်မတင်မီလွှတ်ခြင်းကို မကျေနပ် လျှင်သော် လည်းကောင်း၊ ပြစ်ဒဏ်တိုးမြှင့်ရေးအတွက် တင်ပြလိုလျှင်သော်လည်းကောင်း ပြည်သူ့ရဲအား ဥပဒေဝန်ထမ်းနှင့် ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(စ) တရားရုံးမှ အပြီးအပြတ်လွှတ်သည့်အမိန့်ကို မကျေနပ်သဖြင့် အယူခံလိုလျှင် ဥပဒေဝန်ထမ်းမှ တဆင့် ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့သို့တင်ပြခြင်း၊

(ဆ) သေဒဏ်ထိုက်သည့်အမှုတွင် တရားခံဘက်မှ လိုက်ပါဆောင်ရွက်ရန်ရှေ့နေကိုဖြစ်စေ၊ ဥပဒေ ဝန်ထမ်းမရှိ သည့်အခါ နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ရန် ရှေ့နေကိုဖြစ်စေ ဥပဒေနှင့်အညီ ငှားရမ်းပေးခြင်း၊

(ဇ) တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြစ်မှုတားဆီးရေး၊ လူနှင့်ပစ္စည်းလုံခြုံရေး အတွက် သတင်းပို့တိုင်ကြားရန် ညွှန်ကြားခြင်း၊

(ဈ) စာတိုက်၊ သို့မဟုတ် ကြေးနန်းဆိုင်ရာ တာဝန်ရှိသူများ လက်ဝယ်ရှိစာ ၊ ကြေးနန်းစာ၊ ချောထုပ် များကို ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုအတွက် လိုအပ်ကြောင်းပြည်သူ့ရဲက တင်ပြပါက ယင်းတို့ကို ထုတ်ပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြားခြင်း၊ ယင်းသို့ညွှန်ကြားခြင်းကို လိုက်နာခြင်း မရှိပါက ယင်းပစ္စည်းများကို ရှာဖွေရန် ဝရမ်းထုတ်ပေးခြင်း၊

(ည) ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန်အမိန့်ပေးခြင်း၊ ယင်းသို့အမိန့်ပေးသော်လည်း လူစုကွဲမည့်အခြေအနေမရှိလျှင် လူစုခွဲရေးအတွက်ဖြစ်စေ၊ ပါဝင်သူများအား တရားဥပဒေအရ အရေးယူနိုင်ရန် ဖမ်းဆီးရေးအတွက်ဖြစ်စေ ပြည်သူ့ရဲအင်အားကိုအသုံးပြု၍ ဆောင်ရွက်ခြင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားမဟုတ်သူ မည်သူ့ထံမှမဆို အကူအညီတောင်းခံရယူနိုင်ခြင်း၊

(ဋ) ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို အခြားနည်းဖြင့်လူစုခွဲ၍မရနိုင်လျှင် တပ်မတော်၏ အင်အားကို တောင်းခံအသုံးပြု၍ လူစုခွဲခြင်း၊

(ဌ) အများပြည်သူစိတ်ငြိုငြင်စေမည့် နှောင့်ယှက်မှုများကိုဖယ်ရှားစေခြင်း၊ ယင်းသို့နှောင့်ယှက်မှု ထပ်မံမပြုလုပ်ရန်၊ သို့မဟုတ် ဆက်လက်မပြုလုပ်ရန် တားမြစ်ခြင်း၊

(ဍ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေး ပျက်ပြားစေမည့် လုပ်ရပ်များကို တားမြစ် သည့် အမိန့်ထုတ်ပြန်ခြင်း၊

(ဎ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကြောင့် အေးချမ်းသာယာမှုကို ထိခိုက် စေမည့် အကြောင်းရှိပါက ဝင်ထွက်သွားလာခြင်းမပြုရန် တားဆီးမိန့်ထုတ်ခြင်း၊

(ဏ) မမှန်ကန်သော အလေးတင်းတောင်း၊ အတိုင်းအတာ၊ သို့မဟုတ် ချိန်တွယ်ရန် ကိရိယာများကို ရှာဖွေစစ် ဆေးခြင်း၊ ဖမ်းဆီးသိမ်းယူခြင်း၊ ဖမ်းဆီးသိမ်းယူစေခြင်း၊

(တ) ပြည်သူ့ရုံးက စုံစမ်းစစ်ဆေးနေသည့် ကာလတွင်ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူတဦးထံမှအဖြစ်မှန်ကို သိသမျှဝန်ခံထွက်ဆိုပါမည် ဟူသော စည်းကမ်းချက်ဖြင့်လွတ်ငြိမ်းခွင့်ပေးရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ထ) တရားရုံးသို့ သက်သေခံအဖြစ် တင်ပြခြင်းမပြုရသေးသော သိမ်းဆည်းထားသည့် ပစ္စည်းများကို ခံဝန်ချုပ်ဖြင့်ပြန်လည် ပေးအပ်ထားခြင်း၊ ယင်းပစ္စည်း၏ ပိုင်ရှင်ဖြစ်ကြောင်း ၆ လအတွင်းထင်ရှားအောင် တင်ပြနိုင်သူမရှိလျှင် လိုအပ်သလို အမိန့်ချမှတ်ခြင်း၊

(ဒ) တရားရုံးသို့သက်သေခံအဖြစ်တင်ပြခြင်း မပြုရသေးသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ရသင့်ရထိုက် သူ ကိုမသိလျှင်၊ သို့မဟုတ် ထိုသူမရှိလျှင်၊ ထို့အပြင် ပျက်စီးလွယ်သည့်ပစ္စည်းဖြစ်လျှင်၊ သို့မဟုတ် ထိုပစ္စည်းကို ရောင်းချခြင်းဖြင့် သက်ဆိုင်ရာပိုင်ရှင်အတွက် အကျိုးရှိမည်ဟု ယူဆလျှင်၊ သို့မဟုတ် ပစ္စည်းတန်ဖိုးသည် ကျပ်တစ်ဆယ်အောက်ဖြစ်လျှင် ယင်းပစ္စည်းကို ထုခွဲရောင်းချရန် အမိန့်ချမှတ်ခြင်း၊

(ဓ) ဤဥပဒေနောက်ဆက်တွဲတွင် ဖော်ပြထားသည့်လက်နက်မှုကျူးလွန်သူအား တရားရုံး၌ တရားစွဲ ဆိုရေးအတွက် ခွင့်ပြုမိန့်ပေးခြင်း။

၉၀။ (က) အလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဦးသည် မိမိရှေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှု ကျူးလွန်သူအားကိုယ်တိုင် ဖမ်းဆီးနိုင်သည်၊ သို့မဟုတ် ဖမ်းဆီးစေနိုင်သည်။ ယင်းသို့ဖမ်းဆီးခြင်းကို အလုပ် အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် အတွင်းရေးမှူးသည် လောင်းကစားဝိုင်းများကို ဖမ်းဆီး ရန် ဝရမ်းထုတ်ပေးခွင့်ရှိသည်။

၉၁။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ရုံးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်-

(က) ပြည်သူ့ရုံးလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) ပြည်သူ့ရုံးက ဝရမ်းမပါပဲ ဖမ်းဆီးသောကိစ္စရပ်များကို တင်ပြရန်ကာလသတ်မှတ်ပေးခြင်း၊

(ဂ) ပြစ်မှုကျူးလွန်တတ်သူအားတရားစီရင်ရေးအဖွဲ့သို့ ပြည်သူ့ရုံးက တရားစွဲဆိုမည့်ကိစ္စကို စိစစ်၍ ခွင့်ပြုခြင်း၊ လိုအပ်သလိုညွှန်ကြားခြင်း၊

(ဃ) စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ကို စည်းကမ်းသတ်မှတ်ချက်များဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ စည်းကမ်း သတ်မှတ်ချက်ကို ဖောက်ဖျက်ပါက အရေးယူခြင်း၊ စည်းကမ်းဖောက်ဖျက်သော စုဝေးခြင်း၊ စီတန်းလှည့် လည်ခြင်းများကိုရပ်ဆိုင်းစေခြင်း၊ ဖျက်သိမ်းရန် အမိန့်ပေးခြင်း၊

(င) လက်ပူးလက်ကြပ်ဖမ်းဆီးမိခြင်း မရှိသောသတင်းကျော်စောသည့်သူခိုးများ၊ လူဆိုးများအား ဖမ်း ဆီးခြင်း၊ အရေးယူခြင်း၊ ဖမ်းဆီးအရေးယူစေခြင်း၊

Myanmar Law Information System (MLIS)

(စ) လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအားအနှောင့်အယှက်ဖြစ်စေရန်၊ အန္တရာယ်ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန်၊ သို့မဟုတ် အဟန့်အတားဖြစ်စေရန် ပြုလုပ်မှုအတွက် ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ဖမ်းဆီးအရေးယူစေခြင်း၊

(ဆ) အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးကဖြစ်စေ တရားဝင်ညွှန်ကြားသည့် ကိစ္စနှင့် စပ်လျဉ်း၍ လုံလောက်သော အကြောင်းမရှိပဲ ဆောင်ရွက်ရန်ပျက်ကွက်သော ပြည်သူ့ရဲအား ရဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူခြင်း၊ အရေးယူစေခြင်း၊

(ဇ) အပေါ်ဆိုင်၊ သေရေသေရက်ရောင်းသောဆိုင်၊ လောင်းကစားပြုလုပ်ရာအိမ်နှင့် အကျင့်စာရိတ္တ ပျက်ပြားသူတို့သွားလာမြဲနေရာ သို့တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည် ငြိမ်ရေးအတွက် ဝင်ရောက်စစ် ဆေးခြင်း၊ စစ်ဆေးစေခြင်း။

၉၂။ အလုပ်အမှုဆောင်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားလုပ်ငန်းများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊ လမ်း ညွှန်ခြင်း၊

(ခ) လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ပြစ်မှုတခုကိုကျူးလွန်သူ၊ ကျူးလွန်သည်ဟုယူဆရသော နိုင်ငံခြား သား၊ သို့မဟုတ် နိုင်ငံသားတဦးအား ဝရမ်းမပါပဲ ဖမ်းဆီးခြင်း၊ ဖမ်းဆီးစေခြင်း၊

(ဂ) လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ တရားစွဲဆိုသင့်သူများအား တရားစွဲဆိုရန် အဆုံးအဖြတ်ပေးခြင်း၊

(ဃ) နယ်စပ်မှ တရားမဝင်သောနည်းဖြင့် နိုင်ငံတော်အတွင်းသို့ဝင်ရောက်လာသော နိုင်ငံခြားသားအား ပြည်နှင်ဒဏ်အမိန့်ချမှတ်ခြင်း၊

(င) နိုင်ငံခြားသားများ မှတ်ပုံတင်ရေးဥပဒေအရ ပြစ်မှုကျူးလွန်သူ၊ သို့မဟုတ် ကျူးလွန်သည်ဟု သံသယရှိသူအား ဝရမ်းမပါပဲ ဖမ်းဆီးခြင်း၊ ဖမ်းဆီးစေခြင်း၊

(စ) နိုင်ငံခြားသားတဦးသည် ပြည်နှင်ဒဏ်ပေးသင့်သူဖြစ်လျှင် ယင်းအားဖမ်းဆီးခြင်း၊ ဖမ်းဆီးစေခြင်း၊

(ဆ) နိုင်ငံခြားသားတဦးအား ပြည်နှင်ဒဏ်ပေးသင့်သူဟုယူဆလျှင် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ဇ) ပြည်နှင်ဒဏ်အမိန့်ကို လိုက်နာရန်ပျက်ကွက်သော နိုင်ငံခြားသားအားလည်းကောင်း၊ ပြည်နှင်ဒဏ် အမိန့်အရ ပြည်ပသို့ထွက်ခွာသွားပြီးနောက် ပြန်လည်ဝင်ရောက်လာသော နိုင်ငံခြားသားအား လည်း ကောင်း ဖမ်းဆီးခြင်း၊ ဖမ်းဆီးစေခြင်း၊

(ဈ) ပုဒ်မခွဲ (ဇ) အရဖမ်းဆီးသော နိုင်ငံခြားသားအားအာမခံပေးရန် သင့်မသင့်အဆုံးအဖြတ်ပေးခြင်း၊

(ည) ပြည်တွင်း၌အမြဲနေထိုင်သော နိုင်ငံခြားသားများ၏မှီခိုသူနိုင်ငံခြားသား ဇနီး၊ သားသမီးများ ဆက်လက်နေထိုင် ခွင့်ကို စိစစ်၍ အဆုံးအဖြတ်ပေးခြင်း၊

(ဋ) နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုမှုလက်မှတ်လျှောက်လွှာများကိုစိစစ်၍ သဘောထား မှတ်ချက်နှင့် တကွ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့တင်ပြခြင်း၊

(ဌ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ထုတ်ပေးသင့် မသင့် အဆုံးအဖြတ်ပေးခြင်း၊

(ဍ) နိုင်ငံခြားသားများအား လူမှုရေးအကြောင်းပြချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်း ခရီးသွားလာ ခွင့်ပြုခြင်း၊

(ဎ) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသောအခြေခံပညာရေး အထက်တန်း ကျောင်း သူ ကျောင်းသားများအား မိမိဒေသတွင် အထက်တန်းကျောင်းမရှိပါက အခြားဒေသရှိ အထက်တန်း ကျောင်းသို့ သွားရောက် ပညာသင်ကြားရန် တကြိမ်လျှင် ပညာသင်နှစ် တနှစ်အတွက် ခွင့်ပြုမိန့်ပေး ခြင်း၊

(ဏ) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသော တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်း သူ ကျောင်းသားများ အားသက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သို့မဟုတ် သိပ္ပံသို့သွားရောက် ပညာသင်ကြားရန် တကြိမ်လျှင် ပညာသင်နှစ် ၂ နှစ်အတွက်ခွင့်ပြုမိန့်ပေးခြင်း၊

(တ) နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသားများ တရားမဝင်သောနည်းဖြင့်ဝင်ရောက်လှုပ်ရှားနေထိုင်ခြင်း၊ နိုင်ငံတော်အတွင်းတရားဝင်နေထိုင်သော နိုင်ငံခြားသားများ၏ လှုပ်ရှားနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ အကြံပြုတင်ပြခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ကာကွယ်ခြင်း၊ ဟန့်တားခြင်း၊ အရေးယူခြင်း ရှိ မရှိ ကြီးကြပ် ကွပ်ကဲခြင်း၊

(ထ) မြို့နယ်အတွင်း နိုင်ငံခြားသားများနေရပ်လိပ်စာ ပြောင်းရွှေ့နေထိုင်ခွင့်နှင့်စပ်လျဉ်း၍ အဆုံး အဖြတ်ပေးခြင်း၊ မြို့နယ်ပြင်ပသို့ ပြောင်းရွှေ့နေထိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့သို့ ထောက်ခံတင်ပြခြင်း။

၉၃။ အလုပ်အမှုဆောင်အဖွဲ့သည် အကျဉ်းစခန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်-

(က) အကျဉ်းစခန်းများကိုစစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း၊

(ခ) အကျဉ်းစခန်းလုံခြုံရေးစီမံချက်ကို စစ်ဆေးအတည်ပြုခြင်း၊ မြို့နယ်အတွင်းရှိ လုံခြုံရေး အဖွဲ့ အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) အကျဉ်းစခန်းအတွင်းအကျင့်စာရိတ္တနှင့် အလုပ်အကိုင်ကောင်းမွန်သော အကျဉ်းသားများအား တစ်နှစ်လျှင် ရက် ပေါင်း သုံးဆယ်အထိ အထူးလျှော့ရက်ပေးရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊

(ဃ) အကျဉ်းစခန်းတွင် အကျဉ်းသားများအာဏာဖီဆန်၍ ဆူပူထကြွမှုဖြစ်ပွားလျှင် တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) အကျဉ်းစခန်းမှ မကျန်းမာသောအကျဉ်းသား၊ အချုပ်သားအား ပြည်သူ့ဆေးရုံတွင် ကုသရန် လိုအပ်ကြောင်း ဆရာဝန်၏ ထောက်ခံချက်အရ ကုသခွင့်ပြုခြင်း၊

(စ) အကျဉ်းမကျမီ မိမိမြို့နယ်တွင်အတည်တကျနေထိုင်ခဲ့သော အကျဉ်းသားတဦးသည် သက်ဆိုင် ရာအကျဉ်းစခန်းတွင် ဆက်လက်ထားရှိပါက အသက်အန္တရာယ်ကို စိုးရိမ်ရသည့် ကျန်းမာရေး အခြေ အနေရှိသဖြင့် ယင်းအားအကျဉ်းစခန်းမှ လွှတ်ပေးသင့် မသင့် မေးမြန်းလာလျှင် စိစစ်၍ သဘောထား မှတ်ချက်ပေးခြင်း။

၉၄။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်၊ သို့မဟုတ် မြို့နယ်ပြည်သူ့ ကောင်စီဝင်များပါဝင်သော အဖွဲ့ဖွဲ့စည်း၍ ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

**ခြွင်းချက်။** ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ မြို့နယ်များနှင့်မသက်ဆိုင်စေရ။

၉၅။ အလုပ်အမှုဆောင်အဖွဲ့သည် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) ကူးတို့လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကူးတို့လိုင်စင်များကို ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးခြင်း၊

(ဂ) ကြီးမားသောကူးတို့များကို ၇ နှစ်ထက် မပိုသောကာလအထိ လိုင်စင်ထုတ်ပေးရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့တင်ပြခြင်း၊

(ဃ) ကူးတို့လိုင်စင်များကိုဖျက်သိမ်းခြင်း၊

(င) ကူးတို့လိုင်စင်ရသူအား လိုအပ်သောအစီအစဉ်များပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပျက်ကွက်ပါက လိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) ကူးတို့လိုင်စင်ရသူက အရစ်ကျလိုင်စင်ခများကို သတ်မှတ်သည့်နေ့ရက်တွင် ပေးသွင်းရန် ပျက်ကွက်ပါက လိုင်စင်ကို ဖျက်သိမ်းခြင်း၊ ပြန်လည်ရောင်းချခြင်း၊

(ဆ) ကူးတို့လိုင်စင်ကိုဖျက်သိမ်းလျှင်၊ သို့မဟုတ် ကူးတို့လိုင်စင်ရသူက လိုင်စင်ကိုပြန်အပ်လျှင် ကူးတို့ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်ရေးအတွက် မူလလုပ်ကိုင်သူ၏ ရေယာဉ်နှင့်ပစ္စည်းများကို ကူးတို့ လုပ်ငန်းကြီး ကြပ်သူအား ခေတ္တသိမ်းယူ အသုံးပြုစေခြင်း၊ ယင်းသို့အသုံးပြုသည့်အတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်သည့်လျော်ကြေး၊ သို့မဟုတ် ငှားရမ်းခကိုထုတ်ပေးစေခြင်း၊

(ဇ) အရေးပေါ်ကိစ္စများအတွက် ကူးတို့ရေယာဉ်နှင့် ပစ္စည်းများကို ခေတ္တသိမ်းယူအသုံးပြုခြင်း၊ ယင်းသို့ အသုံးပြု သည့်အတွက် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်သည့်လျော်ကြေး၊ သို့မဟုတ် ငှားရမ်းခကို ထုတ်ပေးခြင်း၊

(ဈ) လူ၊ တိရစ္ဆာန်၊ ယာဉ်များ သယ်ယူပို့ဆောင်ခကို သတ်မှတ်ခြင်း၊ တာဝန်ဖြင့်ခရီးသွားလာသော ဝန်ထမ်းများ အတွက် ကူးတို့ခကင်းလွတ်ခွင့်ပြုခြင်း၊ အထူးဆောက်လုပ်ထားသောကူးတို့ဆိပ်ကို အသုံး ပြုသည့်အတွက် နှုန်းထားသတ်မှတ်နိုင်ရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ် အမှု ဆောင်အဖွဲ့သို့တင်ပြခြင်း၊

(ည) ကူးတို့လုပ်ငန်းဆိုင်ရာ ရေယာဉ်နှင့်ပစ္စည်းများကို ပြုပြင်ရန်၊ ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားခြင်း၊ ပျက်ကွက်ပါက တရားစွဲဆိုခြင်း၊

(ဋ) ကူးတို့လုပ်ငန်းဆိုင်ရာ မှတ်ပုံတင်စာအုပ်ထားရှိရန် ညွှန်ကြားခြင်း၊

(ဌ) ကူးတို့လုပ်ငန်းကြီးကြပ်သူခန့်ထားခြင်း၊ ယင်း၏ဆုံးဖြတ်ချက်၊ အမိန့်ကိုမကျေနပ်သဖြင့် တင်သွင်း သော အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဍ) ကူးတို့လိုင်စင်ရသူက လိုင်စင်ခများပေးသွင်းနိုင်ခြင်း မရှိတော့ကြောင်း ခိုင်လုံစွာတွေ့ရှိပါက ပေးသွင်းရန် ကျန်ရှိနေသည့် လိုင်စင်ခများကို လွတ်ငြိမ်းခွင့်ပြုခြင်း။

၉၆။ အလုပ်အမှုဆောင်အဖွဲ့သည် အဆောက်အဦများ (ဆောက်လုပ်ခြင်း နှင့်ပြင်ဆင်ခြင်း စည်းမျဉ်းသတ်မှတ်သည့်) ဥပဒေအာဏာ သက်ရောက်သော မြို့နယ်အတွင်းရှိ မြို့များနှင့် ကျေးလက် ဒေသများတွင် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) အဆောက်အဦဆောက်လုပ်ရန်၊ ပြန်လည်ဆောက်လုပ်ရန်၊ သို့မဟုတ် ပြင်ဆင်ရန်ခွင့်ပြုချက် ပေးခြင်း၊

(ခ) အဆောက်အဦဆောက်လုပ်ခြင်း၊ ပြန်လည်ဆောက်လုပ်ခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဂ) စည်းမျဉ်း၊ စည်းကမ်းများနှင့်မညီညွတ်သောအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြန်လည် ဆောက်လုပ်ခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်းကိုဖျက်သိမ်းရန်၊ သို့မဟုတ် ပြန်လည်ပြင်ဆင် ဆောက်လုပ်ရန် ညွှန်ကြားခြင်း၊

(ဃ) ပျက်စီးယိုယွင်းသဖြင့် အန္တရာယ်ရှိသော အဆောက်အဦ၊ သို့မဟုတ် အဆောက်အဦ အစိတ်အပိုင်းတခုခု နှင့် တွဲဖက်၍ တည်ဆောက်ထားသည့် အစိတ်အပိုင်းများကို ဖျက်သိမ်းစေခြင်း၊

(င) စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းတဦးဦးအား အမှုဆောင်အရာရှိတာဝန်များပေးအပ်ခြင်း၊

(စ) အဆောက်အဦများ ဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ စီမံကိန်းတရပ်ရေးဆွဲတင်ပြရန် အမှုဆောင် အရာရှိအား ညွှန်ကြားခြင်း၊

(ဆ) အဆောက်အဦများကို မူလတင်ပြထားသည့် ပုံစံနှင့်အညီ ဆောက်လုပ်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊ လိုအပ်သလိုကြီးကြပ်ခြင်း။

၉၇။ အလုပ်အမှုဆောင်အဖွဲ့သည်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များက အဆိုပြုတင်ပြသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို စိစစ်ခြင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းစာရင်းကို ရေးဆွဲ၍ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့သို့အဆိုပြုတင်ပြခြင်း၊

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း။

၉၈။ အလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက်များ၊ မြို့များ၊ မြို့နယ်နှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ရပ်ကွက်၊ မြို့၊ မြို့နယ်ကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ အခြေခံဥပဒေအရ ဝန်ကြီးအဖွဲ့က ဆောင်ရွက်နိုင်ရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှု ဆောင်အဖွဲ့ သို့စိစစ်တင်ပြခြင်း၊

(ခ) ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များက မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ ဆက်သွယ်အကြောင်းကြားရမည့် ပြစ်မှုများနှင့် အကြောင်းကိစ္စများကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) ရပ်ကွက်အတွင်း စခန်းချသော၊ သို့မဟုတ် ဖြတ်သန်းချီတက်သော တပ်မတော်နှင့် နိုင်ငံတော်၏ လက်နက်ကိုင်အဖွဲ့အစည်းများအတွက် လိုအပ်သည့်ရိက္ခာများ၊ လမ်းပြများနှင့် ယာဉ်များကို ရပ်ကွက် ပြည်သူ့

Myanmar Law Information System (MLIS)

ကောင်စီအလုပ်အမှုဆောင်အဖွဲ့က စီစဉ်ပေးရန် ညွှန်ကြားခြင်း၊ ပေးချေရမည့်တန်ဖိုး၊ ငွေးရမ်းခ၊ နှုန်းထားများကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီ ချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဃ) လက်နက်ဥပဒေနှင့် အကျုံးမဝင်သော လက်နက်အမျိုးအစားများကို အများပြည်သူနှင့် သက်ဆိုင်သည့် နေရာတွင် ကိုင်ဆောင်ခြင်းမပြုရန် တားမြစ်သည့်အမိန့်ထုတ်ပြန်ခြင်း၊

(င) ပွဲမိန့်ပေးခြင်း၊ ပွဲမိန့်မရှိပဲ ပွဲကျင်းပလျှင် အရေးယူခြင်း၊

(စ) လောင်းကစားဥပဒေနှင့်ကင်းလွတ်ပြီး အများပြည်သူထံမှ အခကြေးငွေယူသော အပန်းဖြေ ပျော်ပွဲ ရှင်ပွဲကျင်း ပခွင့် လိုင်စင်ထုတ်ပေးခြင်း။

၉၉။ အလုပ်အမှုဆောင်အဖွဲ့သည် ကျေးရွာများ၊ ကျေးရွာအုပ်စုများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင် ခွင့်များ ရှိသည်-

(က) ကျေးရွာ၊ ကျေးရွာအုပ်စုကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းတို့နှင့်စပ်လျဉ်း၍ အခြေခံဥပဒေအရ ဝန်ကြီးအဖွဲ့က ဆောင်ရွက်နိုင်ရန် ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ သို့စိစစ်တင်ပြခြင်း၊

(ခ) ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များက မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့သို့ ဆက်သွယ်အကြောင်းကြားရမည့် ပြစ်မှုများနှင့်အကြောင်းကိစ္စများကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) ကျေးရွာကာကွယ်ရေးအတွက် လိုအပ်သည့်စီမံဆောင်ရွက်မှုများ ပြုလုပ်စေရန်သတ်မှတ်ခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဒမြရန်ကိုခုခံရန်ပျက်ကွက်သော၊ သို့မဟုတ် ပြစ်မှုကိုထိမ်ချန်ဖုံးကွယ်သော ကျေးရွာသား အားလုံး ကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ တဦးတယောက်ကိုဖြစ်စေ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ၏ သဘောတူညီချက်ဖြင့် ငွေဒဏ်တပ်ရိုက်ခြင်း၊

(င) ဒမြကိုဖြစ်စေ၊ တိရစ္ဆာန်ခိုးသူကိုဖြစ်စေ ဝှက်ထားသူ၊ သို့မဟုတ် အားပေးကူညီသူအား အခြားဒေသသို့ ရွှေ့ပြောင်းနေထိုင်စေရန် အမိန့်ချမှတ်ခြင်း၊ ညွှန်ကြားခြင်း၊

(စ) ကျေးရွာအုပ်စုအတွင်း စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ တာဝန်ဖြင့်ရောက်ရှိလာသော နိုင်ငံတော်၏ ဝန်ထမ်းများအတွက် ရိက္ခာယာဉ်၊ သယ်ယူပို့ဆောင်ရေး၊ လမ်းပြနှင့် လုပ်သားများစီစဉ်ပေးရန် ညွှန်ကြားခြင်း၊ ပေးချေရမည့် တန်ဖိုး၊ ငှားရမ်းခ၊ နှုန်းထားများကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဆ) ပွဲမိန့်ပေးခြင်း၊ ပွဲမိန့်မရှိပဲ ပွဲကျင်းပလျှင် အရေးယူခြင်း၊ ပွဲများတွင်ကိုင်ဆောင်ခြင်း မပြုရန် တားမြစ်သည့် လက်နက်အမျိုးအစား များသတ်မှတ်ခြင်း၊ ပွဲသွားသူများထံမှ လက်နက်များကို သိမ်း ဆည်းစေခြင်း၊

(ဇ) ခွင့်ပြုချက်မရပဲ ကျေးရွာအသစ်၊ သို့မဟုတ် အိမ်စုအသစ်ဖွဲ့စည်းဆောက်လုပ်နေထိုင်သူများအား တားမြစ်ခြင်း၊ အရေးယူခြင်း၊

(ဈ) ရွာအပြင်တွင် အိမ်ဆောက်နေထိုင်သူများအား ဖျက်သိမ်းရန် ညွှန်ကြားခြင်း၊ ပျက်ကွက်သူအား အရေးယူခြင်း၊

(ည) ကျေးရွာအုပ်စုတွင် အမြဲနေထိုင်ခြင်း မပြုသူများအားခွင့်ပြုချက်မရပဲ အိမ်ဆောက်ခြင်း၊ ဝင်းထရံ ကာခြင်း၊ လာရောက်နေထိုင်ခြင်းတို့ကို တားမြစ်ခြင်း၊

Myanmar Law Information System (MLIS)

(ဠ) မြစ်၊ ချောင်းကမ်းပါးမှ ပေလေးဆယ်အတွင်းအိမ်ဆောက်ခြင်း၊ သောက်သုံးရေ ယူသောမြစ်၊ ချောင်း ဖြစ်လျှင် ကမ်းပါးမှ ပေတစ်ရာအတွင်း အိမ်သာဆောက်ခြင်းကို ခွင့်ပြုရန်သင့်မသင့် အဆုံးအဖြတ် ပေးခြင်း၊

(ဋ) ရေချိုးဆိပ်၊ ရေခပ်ဆိပ်၊ အဝတ်လျှော်ဆိပ်၊ ကျွဲ နွားတိရစ္ဆာန်ရေချဆိပ်နှင့် လှေဆိပ်များ သတ်မှတ် ပေးခြင်း၊

(ဍ) ပုဂ္ဂလိကပိုင်မဟုတ်သော သောက်ရေကန်များပြင်ဆင်ရန်၊ ရေကန်ဆည်စေရန် ညွှန်ကြားခြင်း၊

(ဎ) လူသေအလောင်းများ သင်္ဂြိုဟ်ရန်နေရာ သတ်မှတ်ပေးခြင်း၊

(ဏ) လူသေအလောင်းကို ၄၈ နာရီထက်ပို၍ ထားရှိရန်ခွင့်ပြုသင့်က ခွင့်ပြုခြင်း၊

(တ) ကာကွယ်ဆေးများထိုးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားခြင်း၊

(ထ) ကူးစက်တတ်သောဝမ်းရောဂါ၊ ကျောက်ရောဂါ၊ ပလိပ်ရောဂါဖြစ်ပွားလျှင် လိုအပ်သလိုအချိန် ကန့်သတ်၍ ကျေးရွာမှ မထွက်ပဲ နေထိုင်စေခြင်း၊ သို့မဟုတ် သတ်မှတ်ထားသော နေရာသို့ပြောင်းရွှေ့ နေထိုင်စေခြင်း၊

(ဒ) ကိုယ်ရေပြားရောဂါစွဲကပ်သူများအား သတ်မှတ်ထားသောနေရာများတွင် ဆေးကုသခံယူစေခြင်း၊ သီးသန့် နေထိုင်စေရန် သတ်မှတ်ပေးခြင်း၊

(ဓ) ဖွားသေစာရင်းများပေးပို့ရမည့် ပုဂ္ဂိုလ်၊ ပေးပို့ရမည့်ကာလကို သတ်မှတ်ခြင်း၊

(န) ကျွဲ နွားသေပျောက်ခြင်းကို မှတ်ပုံတင်စေခြင်း၊ သတင်းပို့စေခြင်း၊

(ပ) ကျေးရွာဥပဒေအရ ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များ၏ ထုတ်ဆင့်ထား သော အမိန့်၊ ဆုံးဖြတ်ချက်များကို ပြင်ဆင်ခြင်း။

၁၀၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များ ရှိသည်-

(က) မှတ်ပုံတင်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊

(ခ) ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအား ဗဟိုမှတ်ပုံတင်အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ယာယီ မှတ်ပုံတင် သက်သေခံလက်မှတ် ထုတ်ပေးခြင်း၊

(ဂ) ဥပဒေပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ထုတ်ဝေသောသတင်းစာ ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ် အခြားပုံနှိပ်ထုတ်ဝေစာများကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ သို့မဟုတ် ရှာဖွေသိမ်းဆည်း စေခြင်း၊

(ဃ) ပုံနှိပ်စက်တခုခုမှ ဥပဒေပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ သို့မဟုတ် အခြားပုံနှိပ်ထုတ်ဝေစာ ထုတ်လုပ်နေသည်ဟု ယုံကြည်ရသော နေရာသို့ဝင် ရောက်ရှာ ဖွေခြင်း၊ သိမ်း ဆည်းခြင်း၊ သို့မဟုတ် ရှာဖွေသိမ်းဆည်းစေခြင်း။

၁၀၁။ သက်ဆိုင်ရာအာဏာပိုင်၏ခွင့်ပြုချက်မရှိပဲ အခြားနိုင်ငံတနိုင်ငံ၏ အလံ၊ တံခွန်၊ အထိမ်းအမှတ် များကို ဆင်ယင်ပြသသူ၊ သို့မဟုတ် ဆင်ယင်ပြသမှုကို ကျူးလွန်သည်ဟု ယုံကြည်ရန် အကြောင်းရှိ သူအား အလုပ်အမှုဆောင်အဖွဲ့က ဖမ်းဆီးနိုင်သည်၊ သို့မဟုတ် ဖမ်းဆီးစေနိုင်သည်။ ယင်းသို့ဆန့်ကျင်၍ ဆင်ယင်ပြသထားသည့်ဥပစာသို့ ဝင်ရောက်ရှာဖွေသိမ်း ဆည်းနိုင်သည်၊ သို့မဟုတ် ရှာဖွေသိမ်းဆည်း စေနိုင်သည်။

၁၀၂။ အလုပ်အမှုဆောင်အဖွဲ့သည် မီးသတ်လုပ်ငန်းများနှင့် စပ်လျဉ်း၍အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်-

(က) အရန်မီးသတ်အဖွဲ့များကို ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

Myanmar Law Information System (MLIS)

(ခ) အလုပ်ရုံများတွင် သီးသန့်မီးသတ်အဖွဲ့ကို ဖွဲ့စည်းရန်ညွှန်ကြားခြင်း၊ စစ်ဆေးခြင်း၊

(ဂ) မီးလောင်မှုနှင့်စပ်လျဉ်း၍ စုံစမ်းရေးအဖွဲ့ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးစေခြင်း၊

(ဃ) မီးစတင်လောင်ကျွမ်းခံရသောပစ္စည်း၊ အဆောက်အဦပိုင်ဆိုင်သူ၊ သို့မဟုတ် ယင်းပစ္စည်း၊ အဆောက်အဦကို လက်ရှိနေထိုင်သူက မသမာသောစိတ်ဖြင့် မိမိကိုယ်တိုင်ဖြစ်စေ၊ သူတပါးအား ခိုင်းစေ၍ဖြစ်စေ မီးရှို့ခြင်းကြောင့် မီးလောင်မှုဖြစ်ပွားကြောင်း တွေ့ရှိလျှင် မီးစတင်လောင်ကျွမ်း ခံရသည့်ပစ္စည်း ၊ အဆောက်အဦတည်ရှိရာ မြေနှင့် ယင်းမြေပေါ်ရှိ ပစ္စည်းအားလုံး ကို နိုင်ငံပိုင် အဖြစ်သိမ်းယူခြင်း၊ ထိုသူ၏မီးအာမခံထားရှိသောပစ္စည်း၊ အဆောက်အဦ တည်ရှိရာမြေနှင့် မြေပေါ်ရှိ ပစ္စည်းအားလုံးကို နိုင်ငံပိုင်အဖြစ်သိမ်းယူခြင်း၊

(င) ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်ပြီးပါက မီးလောင်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့ ထပ်မံဖွဲ့စည်း၍ အသေး စိတ် စုံစမ်းစစ်ဆေးစေခြင်း၊ မီးလောင်မြေကိုစီမံခန့်ခွဲခြင်း၊

(စ) နိုင်ငံပိုင်အဖြစ်သိမ်းယူထားသော မီးလောင်မြေမှ စိန်၊ ရွှေ၊ ငွေစသည့်ပစ္စည်းများကို ရှာဖွေရန် ခွင့်ပြုခြင်း၊ ရှာဖွေရရှိသော ပစ္စည်းများကို စနစ်တကျအပ်နှံစေခြင်း၊ ရထိုက်ခွင့်ရှိသော မူလပိုင်ရှင်သို့ ပြန်လည်ထုတ်ပေး ရန် အမိန့်ချမှတ်ခြင်း။

၁၀၃။ အလုပ်အမှုဆောင်အဖွဲ့သည် အလုပ်သမားရေးရာကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင် ခွင့်များရှိသည်-

(က) အလုပ်သမားရေးရာကိစ္စများကို ယေဘုယျကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့နယ်အလုပ်သမားကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးခြင်း၊

(ဂ) အလုပ်သမားလျှော်ကြေးမှုများကို လက်ခံစစ်ဆေး၊ ဆုံးဖြတ်ရန် အလုပ်သမားလျှော်ကြေး ကော်မတီကိုဖွဲ့ စည်းပေးခြင်း၊

(ဃ) ဝါဏိဇ္ဇပဋိပက္ခဥပဒေအရ မြို့နယ်အလုပ်သမားကြီးကြပ်ရေးကော်မီတီက ဖြန်ဖြေပေးသော်လည်း ကြေလည်မှု မရရှိသဖြင့် ဝါဏိဇ္ဇပဋိပက္ခမှုကော်မီတီသို့ လွှဲအပ်စစ်ဆေးပေးရန် တင်ပြလာသည့် မှုခင်းများ ကို ဝါဏိဇ္ဇပဋိပက္ခမှုမြောက် မမြောက် အဆုံးအဖြတ်ပေးခြင်း၊ ဝါဏိဇ္ဇပဋိပက္ခမှု မြောက်ကြောင်း ဆုံးဖြတ်ပါက စစ်ဆေး ဆုံးဖြတ်နိုင်ရန် မြို့နယ် ဝါဏိဇ္ဇပဋိပက္ခမှုကော်မီတီကို ဖွဲ့စည်းပေးခြင်း၊

၁၀၄။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီရုံး ဝန်ထမ်းများ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုင်ရာ ဦးစီးဌာနများ၊ (ဝန်ကြီးအဖွဲ့အောက်ရှိ ဦးစီးဌာနများ) ရှိဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီမှထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် အညီ လုပ်ပိုင်ခွင့် ရှိသည်။

၁၀၅။ အလုပ်အမှုဆောင်အဖွဲ့သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရှိ ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာ ကိစ္စများ နှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီမှထုတ်ပြန်သည့်စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြား ချက်များနှင့်အညီ လုပ်ပိုင်ခွင့်ရှိသည်။

၁၀၆။ အလုပ်အမှုဆောင်အဖွဲ့သည် တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများနှင့် စာရင်းဝန်ထမ်းများ ၏ အထွေထွေစည်းကမ်း သေဝပ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

၁၀၇။ အလုပ်အမှုဆောင်အဖွဲ့သည် တပ်မတော်၏ စစ်ရေးကိစ္စရပ်များကို ကြီးကြပ်လမ်းညွှန်ခွင့်မရှိ။ နယ်မြေ အတွင်းရှိ တပ်ဖွဲ့အသီးသီးမှ တပ်ဖွဲ့ဝင်များ၏အထွေထွေစည်းကမ်းသေဝပ်ရေးအတွက် သက်ဆိုင်ရာ တပ်မတော်

Myanmar Law Information System (MLIS)

အကြီးအကဲများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။ လိုအပ်သော အကူအညီ များကို ဒေသရှိတပ်မတော်အကြီး အကဲများထံမှ တောင်းခံနိုင်သည်။ ဒေသရှိတပ်မတော်အကြီးအကဲ များက တောင်းခံသည့် အကူအညီကို ပေးနိုင်သည်။ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ဒေသရှိတပ်မတော်အကြီးအကဲများ ညှိနှိုင်းဆောင်ရွက် ရာ၌ မြို့နယ်အဆင့်တွင် မပြီးပြတ်သည့်ကိစ္စများ ကို ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့သို့ တင်ပြခွင့်ရှိသည်။

၁၀၈။ အလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုအဆင့်မှတိုက်ရိုက်တာဝန်ယူကွပ်ကဲသောဦးစီးဌာနများ၏ ဝန်ထမ်းများနှင့် ဗဟိုအဆင့်အဖွဲ့အစည်းများမှ အခါအားလျော်စွာ အထူးကိစ္စရပ်များဆောင်ရွက်ရန် မိမိဒေသသို့ ယာယီစေလွှတ်သော ဝန်ထမ်းများအား အထွေထွေစည်းကမ်းသေဝပ်ရေးမှအပ အခြားနည်း အားဖြင့်ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်းမပြုရ။

၁၀၉။ အလုပ်အမှုဆောင်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးနှင့်အထူးလုံခြုံရေး ကိစ္စများအတွက် ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံ၊ အထူးသတ်မှတ်ထားသော လုပ်ငန်းများဆိုင်ရာ စီမံကိန်းများနှင့် ယင်းစီမံကိန်းများ အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ ညှိနှိုင်းခြင်း၊ စာရင်းတောင်းခံခြင်းမပြုရ။

၁၁၀။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ ဦးစီးဌာနများ (ဝန်ကြီးအဖွဲ့အောက်ရှိဦးစီးဌာနများ) ၏ ယခင်ခရိုင် အဆင့်နှင့် မြို့နယ်အဆင့် ဝန်ထမ်းအကြီးအကဲများတွင်ရှိသော လုပ်ပိုင်ခွင့်များအားလုံးသည် မြို့နယ်ပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့၌ရှိသည်။

## အပိုင်း ၄

## ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီများ

### အခန်း(၁)

### ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ

၁၁၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအဖွဲ့အစည်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားသည့်အားလျော်စွာ ယင်းအဖွဲ့ အစည်းများနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီ ဥပဒေပုဒ်မ ၁၃၃၊ ၁၃၄၊ နှင့် ၁၃၅ ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီတွင် အောက်ပါ လုပ်ပိုင် ခွင့်များ ရှိသည်-

(က) ပြည်သူ့ကောင်စီအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်ခြင်းရှိ မရှိစိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည် သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီတို့၏ ဆုံးဖြတ်ချက်၊ ပြဋ္ဌာန်းချက်၊ လမ်းညွှန်ချက်များကိုတာဝန်ခံ၍ လိုက်နာဆောင်ရွက်ခြင်းရှိ မရှိစိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ အဖွဲ့အစည်း၏ အဖွဲ့ဝင်တဦးချင်းအလိုက်ဖြစ်စေဥပဒေ၊ နည်းဥပဒေ များနှင့်အညီ တာဝန်မှရုပ်သိမ်းခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်း၊



Myanmar Law Information System (MLIS)

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အလုပ်အမှုဆောင်အဖွဲ့က လိုက်နာရမည့်ဆုံးဖြတ် ချက်များ ချမှတ်ခြင်း၊

(င) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးမှုကို မထိခိုက်စေပဲ တရားသူကြီးအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ယေဘုယျသုံးသပ်ခြင်း၊ လမ်းညွှန်ခြင်း။

## အခန်း (၂)

## ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့

၁၁၂။ အလုပ်အမှုဆောင်အဖွဲ့သည် စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ဒေသအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝယ်ယူရေး၊ ဖြည့်တင်းရေး၊ ဖြန့်ဖြူးရေးအတွက် စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းကို မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန် ချက်ဘောင်အတွင်း တာဝန်ယူရေးဆွဲ၍ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ အတည်ပြုချက်ရယူပြီး မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(ခ) လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသော စီးပွားရေးစီမံကိန်းပါလျာထားချက်များကို ညှိနှိုင်းခြင်း၊ ကြီးကြပ် ခြင်း၊ တာဝန်ယူအကောင်အထည်ဖော်ခြင်း၊

(ဂ) တစုံတခုသောအကြောင်းကြောင့် သတ်မှတ်ထားသောလျာထားချက်အတိုင်း ပြည့်မီအောင် အကောင် အထည်ဖော်နိုင်ခြင်း မရှိကြောင်း တွေ့ရှိလျှင် ပြည်သူ့ကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက် ရယူပြီး သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီသို့ ကျိုးကြောင်းဖော်ပြလျက် အချိန်မီတင်ပြခြင်း၊

(ဃ) ပုဂ္ဂလိကစိုက်ပျိုးမွေးမြူသူများအား စီမံကိန်းနှင့်အညီ စိုက်ပျိုးမွေးမြူစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ထုတ်လုပ်ရရှိသော သီးနှံများကို စီမံကိန်းပါ သတ်မှတ်ချက်အတိုင်း သက်ဆိုင်ရာသို့ ရောင်းချရန်လမ်းညွှန်ခြင်း၊ လိုက်နာရန်ငြင်းဆန်သူ၊ သို့မဟုတ် ပျက်ကွက်သူများအား၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ အရေးယူခြင်း။

၁၁၃။ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများသည် စိုက်ပျိုးမွေးမြူရေးနှင့်စပ်လျဉ်း၍ စီးပွားရေးအခြေခံ ယူနစ် များ ဖြစ်သည့်အားလျော်စွာ အလုပ်အမှုဆောင်အဖွဲ့သည် လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ချထားခြင်း၊

(ခ) မြေနုကျွန်းလုပ်ပိုင်ခွင့်ချထားခြင်း၊

(ဂ) ကျွဲ နွား စားကျက်မြေနှင့် ရွာဘုံမြေများထိန်းသိမ်းခြင်း၊

(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုများကို လက်ခံ၍စစ်ဆေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊

(င) သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုမိန့်မရပဲ လယ်ယာမြေပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦများကို ဖယ်ရှားခြင်း၊ ဖယ်ရှားစေခြင်း၊

Myanmar Law Information System (MLIS)

(စ) လယ်ယာလုပ်ကိုင်နိုင်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ လယ်ရိုင်းများကို ကျူးကျော်ဝင်ရောက် လုပ်ကိုင်သူ များအား နှင်ထုတ်ခြင်း၊

(ဆ) တောင်ပေါ်ဒေသတွင် ရွှေ့ပြောင်းတောင်ယာခုတ်ထွင်ခြင်းမပြုရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့က တားမြစ်ထားသောနေရာတွင် ကျူးကျော်ခုတ်ထွင်သူအားနှင်ထုတ်ခြင်း၊

(ဇ) လယ်ယာမြေများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို ဖောက်ဖျက်သူအား ဥပဒေအရ အရေးယူခြင်း၊

(ဈ) လယ်ယာမြေများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များကို ဖောက်ဖျက်သူထံမှ လယ်ယာမြေ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူခြင်း။

၁၁၄။ အလုပ်အမှုဆောင်အဖွဲ့သည် ဆည်မြောင်းတာတမံလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ဆည်မြောင်းတာတမံ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) လယ်ကြားမြောင်းများကို နိုင်ငံတော်က စိုက်ထုတ်ကုန်ကျခံ၍ တူးဖော်ရပါက ကုန်ကျငွေကို လယ်လုပ်ပိုင်ခွင့် ကေအလိုက် အချိုးကျ ကျခံစေရန် အဆုံးအဖြတ်ပေးခြင်း၊

(ဂ) စနစ်တကျမဟုတ်သည့်နည်းဖြင့် လယ်ကြားမြောင်းမှ ရေကိုရယူသုံးစွဲသူအား ရေပေးဝေခြင်းကို ဆိုင်းငံ့ခြင်း၊

(ဃ) ခွင့်ပြုချက်မရပဲ တူးမြောင်းရေသွင်းယူခြင်းဖြင့် အကျိုးဖြစ်ထွန်းသောလယ်ကွက်ကို လုပ်ကိုင် သူအား အခကြေးငွေ ပေးဆောင်စေခြင်း၊

(င) လယ်ကြားမြောင်းဖြင့်ပေးသည့်ရေကို အကျိုးမဲ့စီးဆင်းစေသူ၊ သို့မဟုတ် ယင်းမြောင်းကို ထိန်းသိမ်း ရန် ပျက်ကွက်သူကို စုံစမ်းမရလျှင် ယင်းလယ်ကြားမြောင်းရေသောက်လယ်မြေများကို လုပ်ပိုင်ခွင့် ရရှိသူများအား အခကြေးငွေပေးဆောင်စေခြင်း၊

(စ) ရေယူမြောင်းငယ်ကို စနစ်တကျဖောက်လုပ်ခြင်းမပြုပဲ ရေယူသူအားငွေဒဏ်တပ်ရိုက်ခြင်း၊

(ဆ) တူးမြောင်းလုပ်ငန်း၊ သို့မဟုတ် ရေဆိုးထုတ်မြောင်းလုပ်ငန်းအတွက်လိုအပ်သည့်အခါ လုပ်အား ရယူနိုင်ရန် အလုပ်သမားစာရင်း ပြုစုထားရှိခြင်း၊ အရေးပေါ်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက် ရန် လိုအပ်ပါက ယင်း တို့၏လုပ်အားကိုရယူခြင်း၊ အရေးပေါ်လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်သော သစ်၊ ဝါးနှင့်အခြားပစ္စည်းများကို သိမ်းယူခြင်း၊ ရွှေ့ပြောင်းခြင်း၊

(ဇ) တူးမြောင်းနှင့်တာတမံဥပဒေကျူးလွန်သူအား တရားစွဲဆိုခြင်း၊ ဖမ်းဆီး၍ပြည်သူ့ရဲစခန်းသို့ပို့ခြင်း၊

(ဈ) လယ်ကြားမြောင်းများပြင်ဆင်ထိန်းသိမ်းမှုနှင့် ရေမျှတစွာခွဲဝေပေးမှုအတွက် မြောင်းခေါင်းများ ခန့်ထားရန် အဆုံးအဖြတ်ပေးခြင်း၊ ယင်းတို့အား ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) နိုင်ငံတော်နှင့်လူထုပူးပေါင်းလုပ်ဆောင်ရသည့် ဆည်မြောင်းတာတမံလုပ်ငန်းများကို ညှိနှိုင်း၍ စီမံကိန်း များရေးဆွဲတင်ပြခြင်း။

၁၁၅။ အလုပ်အမှုဆောင်အဖွဲ့သည် မိမိရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွက် နိုင်ငံပိုင် ထွန်စက် များ၊ ရေစုပ်စက်များ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့်မျိုးစသည်များကို ခွဲဝေသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်

ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်ဘောင်အတွင်း ကြီးကြပ် ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း တို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၁၁၆။ အလုပ်အမှုဆောင်အဖွဲ့သည် အင်းအိုင်ဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား ဟန့်တားခြင်း၊ ဖမ်းဆီးအရေးယူခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၁၁၇။ အလုပ်အမှုဆောင်အဖွဲ့သည် ကျွဲ နွားများနှင့် ပတ်သက်၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) သတ်ဖြတ်ခွင့်ပါမစ်မရှိပဲဖြစ်စေ၊ စည်းကမ်းနှင့်မညီညွတ်ပဲဖြစ်စေ၊ ကျွဲ နွားသတ်ဖြတ်ခြင်းကို တားမြစ်ခြင်း၊ အရေးယူခြင်း၊

(ခ) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းဖြစ်စေ၊ ရပ်ကွက်၊ သို့မဟုတ်ကျေးရွာအုပ်စုနှင့် ဆက်စပ်လျက်ရှိသော အခြားရပ်ကွက်၊ သို့မဟုတ်ကျေးရွာအုပ်စုတွင်ဖြစ်စေ ကူးစက်တတ်သော ကျွဲ နွားရောဂါကျရောက်ပါက ရောဂါ ဖြစ်ပွားသည့်ဒေသနှင့် ဆက်စပ်လျက်ရှိသော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့များအား အကြောင်းကြား၍ ကျွဲ နွား အသွား အလာကို ကန့်သတ်သည့်အမိန့်များ ထုတ်ပြန်ခြင်း၊

(ဂ) ကျွဲ နွားများ မောင်းနှင်၊ သယ်ယူရာတွင် တရားဝင်ရိုးသားစွာ မောင်းနှင်၊ သယ်ယူခြင်း ဟုတ် မဟုတ်စိစစ်၍ တရားဝင်မောင်းနှင်၊ သယ်ယူခြင်းမဟုတ်ပါက အရေးယူခြင်း။

၁၁၈။ အလုပ်အမှုဆောင်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) တိရစ္ဆာန်များစာရင်းကို နှစ်စဉ်မှန်မှန်ကောက်ယူ၍ မွေးမြူရေးစီမံကိန်းကို ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုစီးပွားရေး စီမံကိန်းဘောင်အတွင်း စနစ်တကျရေးဆွဲတင်ပြခြင်း၊

(ခ) မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သောမျိုးကောင်းမျိုးသန့်၊ အစားအစာ၊ ဆေးဝါးနှင့် မြေနေရာများကို မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းစီစဉ်ခြင်း၊

(ဂ) ငါးမွေးကန်များတူးဖော်ရေးအတွက် သင့်လျော်မည့်မြေနေရာများကို သတ်မှတ်ပေးရန်စိစစ်၍ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း။

၁၁၉။ အလုပ်အမှုဆောင်အဖွဲ့သည် သစ်တောဥပဒေဖောက်ဖျက်ကျူးလွန်သူများအား ဟန့်တားခြင်း၊ ဖမ်းဆီးအရေးယူခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၁၂၀။ အလုပ်အမှုဆောင်အဖွဲ့သည် သမဝါယမအသင်းများနှင့် ပုဂ္ဂလိကများကခွင့်ပြုချက်မရှိပဲ ရေနံသို လှောင်ခြင်း၊ ခွင့်ပြုချက်ရှိသော်လည်း သတ်မှတ်ထားသောစည်းကမ်းများနှင့်မညီပဲ သိုလှောင်ခြင်းများ ကို တားမြစ် ခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၁၂၁။ အလုပ်အမှုဆောင်အဖွဲ့သည် သမဝါယမအသင်းများနှင့် စပ်လျဉ်း၍ သမဝါယမဥပဒေတွင် ပြဋ္ဌာန်း ထားသည့်အတိုင်း လုပ်ပိုင်ခွင့်ရှိသည်။

၁၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် ယဉ်ကျေးမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) ၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိခဲ့သောရှေးဟောင်းအဆောက်အဦများကို ခွင့်ပြုချက်မရပဲ ပြုပြင် ခြင်း၊ ဖျက်ဆီးခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ကို တားမြစ်ခြင်း၊ အရေးယူခြင်း၊ တားမြစ် အရေးယူ စေခြင်း၊

(ခ) ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်မရပဲ ရှေးဟောင်းပစ္စည်းများတူးဖော်ရှာဖွေခြင်းကို တားမြစ်ခြင်း၊ အရေး ယူခြင်း၊ တားမြစ်အရေးယူစေခြင်း၊

(ဂ) ရှေးဟောင်းပစ္စည်းများပြည်ပသို့ထုတ်ယူခြင်းကို တားမြစ်ခြင်း၊ အရေးယူခြင်း၊ တားမြစ်အရေးယူ စေခြင်း။

၁၂၃။ အလုပ်အမှုဆောင်အဖွဲ့သည် မမှန်ကန်သော အလေးတင်းတောင်း၊ အတိုင်းအတာ၊ သို့မဟုတ် ချိန်တွယ်ရန်ကိရိယာများကို ရှာဖွေစစ်ဆေးခြင်း၊ ဖမ်းဆီးသိမ်းယူခြင်း၊ သို့မဟုတ် ဖမ်းဆီးသိမ်း ယူစေခြင်း ပြုလုပ်နိုင်သည်။

၁၂၄။ (က) အလုပ်အမှုဆောင်အဖွဲ့ဝင် တဦးဦးသည် မိမိရှေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူး လွန်သူအား ကိုယ်တိုင်ဖမ်းဆီးနိုင်သည်၊ သို့မဟုတ် ဖမ်းဆီးစေနိုင်သည်။ ယင်းသို့ဖမ်းဆီး ခြင်းကို အလုပ်အမှု ဆောင်အဖွဲ့သို့ တင်ပြရမည်၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် အတွင်းရေးမှူးသည် လောင်းကစားဝိုင်းများကို ဖမ်းဆီးရန်ဝရမ်း ထုတ်ပေးခွင့်ရှိသည်။

၁၂၅။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ရဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိ သည် -

(က) လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအားအနှောင့်အယှက်ဖြစ်စေရန်၊ အန္တရာယ် ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန်၊ သို့မဟုတ် အဟန့်အတားဖြစ်စေရန် ပြုလုပ်မှုအတွက် ဖမ်းဆီးခြင်း၊ အရေး ယူခြင်း၊ ဖမ်းဆီးအရေးယူစေခြင်း၊

(ခ) လက်ပူးလက်ကြပ်ဖမ်းဆီးမိခြင်းမရှိသော သတင်းကျော်စောသည့်လူဆိုးများ၊ သူခိုးများအားဖမ်းဆီး ခြင်း၊ အရေးယူခြင်း၊ ဖမ်းဆီးအရေးယူစေခြင်း၊

(ဂ) အပေါင်ဆိုင်၊ သေရည်သေရက် ရောင်းသောဆိုင်၊ လောင်းကစားပြုလုပ်ရာအိမ်နှင့် အကျင့်စာရိတ္တ ပျက်ပြားသူတို့သွားလာမြဲ နေရာသို့ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးအတွက် ဝင်ရောက်စစ် ဆေးခြင်း၊ စစ်ဆေးစေခြင်း၊

(ဃ) အသံချဲ့စက်ဖွင့်ခွင့်လိုင်စင်ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်း၊ စည်းကမ်းဖောက် ဖျက်သူအား အရေးယူခြင်း၊ အရေးယူစေခြင်း။

၁၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ပြစ်မှုတခုကို ကျူးလွန်သူ၊ သို့မဟုတ် ကျူးလွန်သည်ဟုယူဆရသူ နိုင်ငံခြားသား၊ သို့မဟုတ် နိုင်ငံသားတဦးအား ဝရမ်းမပါပဲ ဖမ်းဆီးခြင်း၊ ဖမ်းဆီးစေခြင်း၊

(ခ) နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသားများ တရားမဝင်သောနည်းဖြင့် ဝင်ရောက်လှုပ်ရှားနေထိုင်ခြင်း၊ နိုင်ငံတော်အတွင်းတရားဝင် နေထိုင်သော နိုင်ငံခြားသားများ၏ လှုပ်ရှားနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ အကြံပြုတင်ပြခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ညွှန်ကြားချက် နှင့်အညီ ကာကွယ်ခြင်း၊ ဟန့်တားခြင်း၊ အရေးယူခြင်း၊ အရေးယူစေခြင်း။

၁၂၇။ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်-

(က) ဆောင်ရွက်သင့်သည့်ဖွံ့ဖြိုးရေး လုပ်ငန်းစာရင်းကို ဦးစားပေးအစီအစဉ်ဖြင့်ရေးဆွဲ၍ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း။

၁၂၈။ ရပ်ကွက်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် မြို့များဥပဒေနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့် များရှိသည်-

(က) ပြစ်မှုတခုကျူးလွန်ရာတွင်ပါဝင်သူ၊ သို့မဟုတ် ကျူးလွန်ရန် ကြံစည်ရာတွင်ပါဝင်သူအား ရှာဖွေ ဖမ်းဆီးခြင်း၊ ယင်းယူသွားသည့်ပစ္စည်း ပြန်လည်ရရှိစေရန် ဆောင်ရွက်ခြင်း၊

(ခ) လုံလောက်သော အကြောင်းမရှိပဲ ရပ်ကွက်အတွင်းသို့ ရောက်ရှိနေသူအားဖမ်းဆီးခြင်း၊

(ဂ) ဖမ်းဆီးထားသူတဦးကို ပြည်သူ့ရဲစခန်းသို့ ချက်ချင်းပို့ဆောင်ခြင်း၊ ယင်းနှင့်အတူပါလာသည့် လက်နက်၊ သို့မဟုတ် အခြားသက်သေခံ ပစ္စည်းကိုပါ သိမ်းဆည်းပေးအပ်ခြင်း၊

(ဃ) လူသတ်မှု၊ လူသေစေမှု၊ ဒမြမှု၊ လုယက်မှု၊ လက်နက်မှု၊ တားမြစ်ထားသောလက်နက်ကိုင်ဆောင်မှု၊ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ထားသည့် ပြစ်မှုတခုခုကို ကျူးလွန်ရန် ကြံစည်သူ အား ကြိုတင်ကာကွယ်တားဆီးခြင်း၊

(င) နိုင်ငံပိုင်မြေနှင့်ဥပစာများကို ကျူးကျော်ခြင်း၊ ပစ္စည်းများဖျက်ဆီးခြင်းတို့မှ တားဆီးခြင်း၊ ကာကွယ်ထိန်းသိမ်း ခြင်း၊

(စ) မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်ပေးထားချက်နှင့်အညီ ဖွားသေစာရင်း တိုင်ကြားခြင်း၊ ထားရှိခြင်းတို့ကို ကွပ်ကဲခြင်း၊

(ဆ) မီးဘေးကာကွယ်ရေးနှင့် ငြိမ်းသတ်ရေး၊ အများပြည်သူအား နှောင့်ယှက်မှုမှ ကာကွယ်ရေး၊ ရပ်ကွက် သန့်ရှင်းရေးနှင့် ကူးစက်တတ်သောရောဂါကာကွယ်ရေးတို့အတွက် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊ ဆောင်ရွက်ခြင်း၊

(ဇ) ရပ်ကွက်အတွင်းစခန်းချသော၊ သို့မဟုတ် ဖြတ်သန်းချီတက်သော တပ်မတော်နှင့်နိုင်ငံတော်၏ လက်နက် ကိုင်အဖွဲ့အစည်းများအတွက် ရိက္ခာများ၊ လမ်းပြများနှင့်ယာဉ်များကို စီစဉ်ပေးခြင်း၊ ပေးချေရမည့်တန်ဖိုး၊ ငှားရမ်းခ၊ နှုန်းထားများကို မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ သတ်မှတ်ချက်အတိုင်းရရှိစေရန် စီစဉ်ပေးခြင်း၊

(ဈ) အခြားဒေသမှ ရပ်ကွက်အတွင်းသို့ ညဥ့်အိပ်ညဥ့်နေလာရောက်သည့် ဧည့်သည်များအတွက် ဧည့်စာရင်း တိုင်ကြားခြင်းကို လက်ခံခြင်း၊ ဥပဒေအရသတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်ကြားရန် ပျက်ကွက်သူ အားအရေးယူခြင်း၊

(ည) ပုဒ်မ ၉၈ ပုဒ်မခွဲ (ဃ) အရ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က တားမြစ်ထားသော လက်နက် များကို သိမ်းဆည်းခြင်း။

၁၂၉။ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် ကျေးရွာဥပဒေနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

Myanmar Law Information System (MLIS)

(က) ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်မရပဲ ကျေးရွာအသစ် ဖွဲ့စည်းခြင်း၊ အိမ်စုအသစ်ဆောက်လုပ်ခြင်းတို့ကို တားမြစ်ခြင်း၊ လိုက်နာရန်ပျက်ကွက်သူအား အရေးယူခြင်း၊

(ခ) ကျေးရွာအုပ်စုအတွင်း အမြဲနေထိုင်ခြင်း မပြုသူများက အိမ်ဆောက်ရန်၊ ဝင်းထရံကာရန်၊ လာရောက်နေထိုင်ရန် ခွင့်ပြုချက်တောင်းခံပါက အဆုံးအဖြတ်ပေးခြင်း၊ ခွင့်ပြုခြင်း၊ တားမြစ်ချက်ကို လိုက်နာရန် ပျက်ကွက်သူအား အရေးယူခြင်း၊

(ဂ) သူတပါးအိမ်၏ ရှေ့ဘက်နှင့်နောက်ဘက် ပေနှစ်ဆယ်အတွင်းသော်လည်းကောင်း၊ ဘေးဘက် ၆ ပေအတွင်းသော်လည်းကောင်း အိမ်ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ ပျက်ကွက်သူအား အရေး ယူခြင်း၊

(ဃ) လုံလောက်သော အကြောင်းမရှိပဲ ကျေးရွာအုပ်စုအတွင်းသို့ ရောက်ရှိနေသူအား ဖမ်းဆီးခြင်း၊ ဖမ်းဆီး စေခြင်း၊

(င) အခြားဒေသမှ ကျေးရွာအတွင်းသို့ ညဥ့်အိပ်ညဥ့်နေလာရောက်သည့် ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြား ခြင်းကို လက်ခံခြင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်ကြားရန်ပျက်ကွက်သူအား အရေးယူခြင်း၊

(စ) သတ်မှတ်ထားသော လက်နက်များကို အပ်နှံရန်တောင်းဆိုခြင်း၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က လုံခြုံရေးတာဝန်ပေးအပ်ထားသူများထံ အပ်နှံရန်တောင်းဆိုခြင်း၊ လိုက်နာရန် ပျက်ကွက်သူအား တရားစွဲဆိုခြင်း၊

(ဆ) မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က ထုတ်ပေးသော ပွဲမိန့်မရပဲ ပွဲကျင်းပပါက အရေးယူခြင်း၊

(ဇ) ကျေးရွာအတွင်း အိမ်သာနှင့် အိမ်သာတွင်းများကို နေအိမ်များမှ ပေနှစ်ဆယ်အတွင်း သော်လည်း ကောင်း၊ ရေတွင်းမှ ပေခြောက်ဆယ်အတွင်း သော်လည်းကောင်းထား ရှိခြင်းမပြုရန် တားမြစ်ခြင်း၊ ပျက်ကွက်သူအား အရေးယူခြင်း၊

(ဈ) ကျေးရွာတွင် နေထိုင်သူများအား ကျေးရွာလမ်းများကို ပေါင်းရှင်းစေခြင်း၊ သန့်ရှင်းစေခြင်း၊ ပြုပြင်စေခြင်း၊ ပျက်ကွက်သူအား အရေးယူခြင်း၊

(ည) အမှိုက်ပုံရန် နေရာသတ်မှတ်ပေးခြင်း၊ မလိုက်နာသူအား အရေးယူခြင်း၊

(ဋ) ကျေးရွာအပြင်တွင် အမှိုက်စုပုံရန် နေရာသတ်မှတ်၍ အမှိုက်များကိုမီးရှို့စေရန်၊ သို့မဟုတ် လယ်ထွန် သည့်အခါ ထွန်စာကျွေးရန် ညွှန်ကြားခြင်း၊ ပျက်ကွက်သူအား အရေးယူခြင်း၊

(ဌ) သောက်ရေတွင်း၊ သောက်ရေကန်များသတ်မှတ်ခြင်း၊ ယင်းရေတွင်း၊ ရေကန်များမှ ပေခြောက်ဆယ် အတွင်း ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ဘဲများ ရေချခြင်း မပြုလုပ်ရန် တားမြစ်ခြင်း၊ ပျက်ကွက်သူအား အရေးယူခြင်း၊

(ဍ) တိရစ္ဆာန်များမွေးမြူရာ၌ အများပြည်သူအားအနှောင့်အယှက်ဖြစ်စေမည့်၊ ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေမည့် သို့မဟုတ် ချောင်း၊ မြောင်း၊ ရေကန်ကို ညစ်ပတ်စေမည့် မွေးမြူခြင်းများကို တားမြစ် ခြင်း၊ ပျက်ကွက်သူအားအရေးယူခြင်း၊

(ဎ) သောက်ရေ၊ သုံးရေခပ်သည့် ရေတွင်း၊ ရေကန်၊ ရေမြောင်းများအတွင်းမှ တိရစ္ဆာန် အသေကောင်များကို ဖယ်ရှားပစ်ရန် မြုပ်နှံရန် ကျေးရွာအုပ်စုတွင် နေထိုင်သူများအား ညွှန်ကြားခြင်း၊ ပျက်ကွက်သူအား အရေးယူ ခြင်း၊

Myanmar Law Information System (MLIS)

(ဏ) ကြပ်စည်းထားခြင်း၊ သို့မဟုတ် လေလုံသောခေါင်းအတွင်းထည့်ထားခြင်းမပြုသည့် လူသေ အလောင်းကို ၄၈ နာရီထက်ပို၍ ထားရှိရန်၊ ဆောင်းရာသီတွင် ၇၂ နာရီထက်ပို၍ ထားရှိရန် ခွင့်ပြုခြင်း၊

(တ) လူသေအလောင်းများ သင်္ဂြိုဟ်ရန်နေရာကို သတ်မှတ်ပေးခြင်း၊ ယင်းသို့သတ်မှတ်ပေးထားသည့် နေရာတွင် သင်္ဂြိုဟ်ခြင်းမပြုသူအား အရေးယူခြင်း၊

(ထ) တိရစ္ဆာန်အသေကောင်ကို ရေတွင်း၊ ရေကန်၊ ချောင်းနှင့်လူနေအိမ်များမှ အနည်းဆုံးပေတစ်ရာ ကွာဝေးသော နေရာတွင် မြေအောက် ၅ ပေထက်မနည်းနက်သောကျင်းတူး၍ မြှုပ်နှံစေခြင်း၊ ပျက်ကွက်သူအား အရေးယူခြင်း၊

